အရိယ သစ္စာန ဒဿနံ ဇတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၉၁)၊ အမှတ်(၂၂၅)

စည်းလုံးညီညွတ်မှုကိုဖော်ညွှန်းပြဆို

☆ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်း ဝင်ရောက်လေ့လာမိသည်နှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်း အစဉ်အလာများ၊ အနုပညာရပ်များကို သိမြင်ခံစားရစေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပွားများခိုင်မာလာစေရန် စီစဉ်ဆောင်ရွက်ထား။

☆ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ အားကစားနည်းတစ်ရပ်ဖြစ်သည့်အပြင် မြန်မာလူမျိုးတို့၏ တစ်ဦးနှင့်တစ်ဦး ကူညီဖေးမ ရိုင်းပင်းထောက်ကူပေးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းပြဆိုနိုင်သည့် မြန်မာ့ခြင်းဝိုင်းပုံ ရုပ်လုံး ရုပ်ကြွများ စီမံထုလုပ်ပြသ။

☆ မြန်မာနိုင်ငံအတွင်း သဘာဝ ရေမြေတောတောင်များ၊ သစ်ပင် ပန်းပင်များ၊ သဘာဝသစ်တောကြီးများ မပျက်မယွင်း တည်ရှိနေမှုဖော်ညွှန်း။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများမှာကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ တိုးချဲ့တည်ဆောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင်ပြည်ထောင်စုစိတ်ဓာတ်ပွားများခိုင်မာလာစေရေးစီစဉ်ထား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်ပေါင်းစည်းနေထိုင်မှုပီပြင်စွာဖော်ညွှန်းပြသ မြန်မာလူမျိုးတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမှုပြသနိုင်ရန်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရန်ကုန်–သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တိုးချဲ့တည်ဆောက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

မြန်မာ့အလင်း

ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း

■ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးသည့် စီမံကိန်းကြီးများသည် မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ထားရှိပြီး ပြည်ထောင်စုစိတ်ဓာတ် အခြေခံလျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ လက်တွဲပါဝင်ကြ။

နိုင်ငံတော်နှင့်ပြည်သူလက်တွဲပူးပေါင်းဆောင်ရွက် ခေါင်းကြီး (စာ-၂)

■ မြိတ်ကျွန်းစုသည် အခြားနိုင်ငံများ၏ နာမည်ကျော်ကျွန်းများထက်သာယာပြီး သဘာဝ အလှအပများ ပကတိအတိုင်းတည်ရှိနေသေးသည့်အတွက် လာရောက်လည်ပတ် သူတို့အဖို့ နှစ်ခြိုက်စရာဖြစ်သည်။ မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ တောင်ဘက်ဖျားတွင် ရှိသော်လည်း လေယာဉ်ဖြင့် ရန်ကုန်ကသွားလျှင် တစ်နာရီ၁၅မိနစ်အတွင်း ရောက်နိုင် သည်။ ခရီးသွားဧည့်သည်များ အန်ဒမန်၏အလှကို ခံစားလိုလျှင် သွားရောက်သင့်သော ဒေသတစ်ခုဖြစ်သည်။

ငွေအောင်(ခရီးသွား)၏ "ခရီးသွားဧည့်သည်" ဆောင်းပါး(စာ-၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာ ရေးနှင့် တရားဥပဒေ စိုးမိုး ရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ် ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုး သားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်း သိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်နှင့်ပြည်သူ လက်တွဲပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ် စီမံကိန်းတို့ကို စနစ်တကျပေါင်းစပ်ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက် ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး နယ်မြေဒေသမရွေး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးစီမံကိန်းကြီးများကိုလည်း ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးသည့် စီမံကိန်းကြီးများသည် မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ထားရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ အခြေခံလျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ လက်တွဲပါဝင်ကြရမည် ဖြစ်သည်။

ထိုစီမံကိန်းကြီးများကို ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေးအစီအမံများကို နိုင်ငံတော်က ဘဏ္ဍာငွေမြောက်မြားစွာကျခံပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်နှင့်ပြည်သူ လက်တွဲဆောင်ရွက်မှုကြောင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်လျှင် စိုက်ပျိုးရေးကဏ္ဍ၌ ဆည်တမံပေါင်း ၁၆၂ ခု၊ ရေသွင်းစိုက်ပျိုးဧက နှစ်သန်းကျော်၊ မြစ်ရေတင်စီမံကိန်း ၂၆၅ ခု၊ သောက်သုံးရေရရှိပြီး ကျေးရွာစုစုပေါင်း ၄၀၁၀၁ ရွာ၊ သီးနှံစိုက်ပျိုးဧက ၂၃ ဒသမ ၈ သန်းအထိ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်ရှိရာက ယခုအခါ လမ်းမိုင်ပေါင်း ၅၀၀၀ နီးပါး တိုးတက်လာခဲ့ပြီး လက်ရှိလမ်းမိုင်ပေါင်း ၁၈၆၀၀ နီးပါး ရှိနေပြီဖြစ်သည်။ မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၁၇၂ စင်း တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်ကတစ်နိုင်ငံလုံးရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာရှိခဲ့ရာက ယခုအခါ မိုင်၃၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ယခင်က လေယာဉ်ကွင်း ၂၁ ကွင်းသာ ရှိခဲ့ရာမှ ယခုအခါ ဖော်ကာ-၂၈ နှင့် ဘိုးရင်း-၇၃၇ ဆင်းနိုင်သည့် လေယာဉ်ကွင်း ၂၉ ကွင်း ရှိလာခဲ့သည်။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် ၁၉၈၈ ခုနှစ်က ရေအားလျှပ်စစ်စီမံကိန်း ၁၄ ခုမှ ၂၂၈ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာက ယခုအခါ ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခု တိုးတက်တည်ဆောက်နိုင်ပြီး ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံတိုးမြှင့်နိုင်သဖြင့် မဂ္ဂါဝပ် ၄၀၀ နီးပါး ထုတ်လုပ်ပေးနိုင်ပြီ ဖြစ်သည်။ ထို့အပြင် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံခြောက်ခု ထပ်မံတည်ဆောက်ပြီး ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါး ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ရေအားလျှပ်စစ်စီမံကိန်းနှင့် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၁၀၀ နီးပါး ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုပြီးစီးလျှင် စုစုပေါင်းမဂ္ဂါဝပ် ၃၀၀၀ ကျော် ပေးနိုင်မည်ဟု သိရသည်။

ကျန်းမာရေးကဏ္ဍတွင် ယခင်က ဆေးရုံအကြီး၊ အလတ်၊ အသေး စုစုပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခုအခါ စုစုပေါင်း ၇၇၆ ရုံအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ပညာရေးကဏ္ဍတွင် ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၅၆ ခုအထိ ရှိနေပြီ ဖြစ်သည်။ ထို့အတူ အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးတက်လာသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ တိုင်းရင်းသားပြည်သူများကလည်း တာဝန်ရှိရှိ စဉ်ဆက်မပြတ် ဆက်လက်ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ အသိပညာ၊ ဗဟုသုတ တိုးပွားစေရေးအတွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်က လှိုင်မြို့နယ် အမှတ်(၁၅)ရပ်ကွက် နယ်လှည့်စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သောပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေး သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီတွင် ရန်ကုန်တပ်နယ် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြဝတီရိပ်သာ အိမ်ရာစခန်းသို့ ရောက်ရှိလာပြီး မြဝတီရိပ်သာအိမ်ရာစခန်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် နဝရတ်ရိပ်သာအိမ်ရာစခန်းတို့၌ တပ်မတော်သားများနှင့် မိသားစုဝင်များက အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြသသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်သည့် အိမ်ရာစခန်းများ ဖြစ်စေရေး အလေးထား ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အကြား ကန်ပတ်လမ်း လူသွားစင်္ကြံ၌ ကွန်ကရစ်ကျောက်ပြားများ အသစ်ပြုပြင်ခင်းနေမှုအခြေအနေများနှင့် လမ်းလယ်ကျွန်း၌ တော်ဝင်အုန်းပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း၌ စက်ယန္တရားများဖြင့် ထပ်ပိုးနိုင်လွန်ကတ္တရာခင်းနေမှု၊ ရွှေတောင်ကြားလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားဖြင့် ရေနုတ်မြောင်းတူးဖော်နေမှုနှင့် ဆယ်ယူနေမှု၊ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေမှုနှင့် အပိုင်းလိုက် ထပ်ပိုးကတ္တရာခင်းနေမှုအခြေအနေများကို လည်းကောင်း၊ ရန်ကင်းမြို့နယ်နှင့် ဗဟန်းမြို့နယ်အစပ် အမှတ်(၁) စက်မှုဝန်ကြီးဌာနရုံးရှေ့ ကမ္ဘာအေးစေတီလမ်းတစ်လျှောက် လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ အသစ်ခင်းနေမှု၊ လမ်းဘေးဝဲ/ယာရှိ အုတ်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှုနှင့် မြောင်းဖုံးများ စနစ်တကျထားရှိမှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တာဝန်ရှိသူများအား ရန်ကုန်မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များ၌ အပိုင်းလိုက် စနစ်တကျဆောင်ရွက်ကြရန်၊ ရန်ကုန်မြို့တော်တစ်ခွင်ရှိ လမ်းများ၌ သာယာလှပပြီး အမြင်တင့်တယ်စေရေးအတွက် လူသွားစင်္ကြံများအသစ်ပြုပြင်မွမ်းမံခြင်း၊ လမ်းဘေးဝဲ/ယာနှင့် လမ်းလယ်ကျွန်းများ၌ ပန်းမန်နှင့် အလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်နှင့် လမ်းများ ထပ်ပိုးနိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ရာသီဥတုသာယာသည့် အချိန်များတွင် နေ့/ည မရွေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၈-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Producer's Equilibrium (စီးပွားရေး)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း-၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့်ရန်နိုင်ဓား"** (အပိုင်း-၁)

✡ *ကျောဖုံးမှ*

ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊အလှူရှင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပည့်ဒါယကာ ဒါယိကာမများတက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားရွတ်ပွားသရဏဂုဏ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆွမ်းပဒေသာပင်အတွက် အလှူရှင်များက ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းကြရာ ကွယ်လွန်သူမိခင်ဒေါ်ညွန့်စိန်အား ရည်စူး၍ သီရိသုဓမ္မမဏိဇောတရေ သီဟသုဓမ္မ မဏိဇောတရေ ဦးကျော်မင်း မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေါက်တာဝင်းမြင့်–ဒေါ်ခိုင်ခိုင်ဦး၊ သားများဖြစ်ကြသော မောင်ဝေယံဖြိုးပြည့်ဝင်း၊ မောင်ထွဋ်ခိုင်ဝင်း၊ မောင်ထက်ခိုင်ဝင်း၊ မောင်သန်းထိုက်ဝင်း မိသားစုက ငွေကျပ် ၁၀သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတရေ ဦးမောင်မောင် (Asia Express Co.,Ltd.) က ငွေကျပ် ၁၀ သိန်း၊

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ပရိသတ်များက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်စဉ်။

(သတင်းစဉ်)

ကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီးနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓ

ဦးမျိုးဆွေသိန်း – ဒေါ်မေဝင်းအောင် (မန္တလေး) မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးအောင်ဘစော–ဒေါ်တင်တင်မြ (ကျောက်ဖြူ)မိသားစုက ငွေကျပ် ငါးသိန်း၊ မိခင်ကြီး ဒေါ်အေးသန်း၊ ဗိုလ်မှူးစိုးမြ၊ ဒေါ်နုရွှေဝါနှင့် မြေး မိသားစုက ငွေကျပ် ခြောက်သိန်း ငါးသောင်း၊ ဦးတင်ထွန်း–ဒေါ်တင်တင်အေး(တင်တင်အေး ပိဋကတ်စာအုပ်ဆိုင်) သားသမီးမြေးမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးလှဌေးနိုင်–ဒေါ်ညိုညိုသင်း၊ သား မောင်မြတ်ဟိန်း မိသားစုက ငွေကျပ်သုံးသိန်းနှင့် ဦးထုံချမ်းသာ၊ ဦးကျော်အောင်၊ မကြူကြူ မောင်နမတစ်စုက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးအထောက်အကူပြု ပရောဂျက်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ကြဂုတ် ၂၂

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက National Level ICT Award ပြိုင်ပွဲများကို ကျင်းပခဲ့ရာ ယခုနှစ်တွင် အခြေခံပညာကျောင်းများအပါအဝင် ပညာရေး ဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အကူပြု ပရောဂျက်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာကို အပြည့်အဝ အသုံးချနိုင်စေရေးအခွင့်အလမ်းများပေါ်ထွက်လာစေရန်၊ သင်ကြားရေးအထောက်အကူပြုပရိုဂရမ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးအထောက်အကူပြု ပရောဂျက်ပြိုင်ပွဲကို အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့်တို့ကိုလည်းကောင်း၊ ဆရာဆရာမများအတွက် အဆင့်တစ်ဆင့်တည်းကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပူးတွဲတင်ပြ

ပြိုင်ပွဲဝင်ပရောဂျက်များကို မည်သည့် Software ကို မဆို အသုံးပြုရေးသားတင်ပြနိုင်သည်။ ပရောဂျက်ကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ စီဒီနှစ်ခုဖြင့် တင်ပြရမည်။ ထို့အပြင် ပရောဂျက်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ကို ပူးတွဲတင်ပြနိုင်သည်။

ချီးမြှင့်မည်

ပရောဂျက်ကို သက်ဆိုင်ရာကျောင်းမှတစ်ဆင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း MICT Park လှိုင်မြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၁ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။ အကောင်းဆုံး ရွေးချယ်ခြင်းခံရသော ပရောဂျက်များကို စက်တင်ဘာ၂၆ရက် မွန်းလွဲ ၂နာရီတွင် လှိုင်မြို့နယ် MICT Park ရှိ Conference Hall ၌ ကြေညာမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မည့်သည့်အဆင့်အတွက်ဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အစုဖွဲ့၍သော်လည်းကောင်း၊ ကျောင်းအလိုက်သော်လည်းကောင်းယှဉ်ပြိုင်နိုင်သည်။ ယှဉ်ပြိုင်သူတစ်ဦးသည် ပရောဂျက်တစ်ခုထက်မက ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်များအနက်မှ အဆင့်လိုက်အကောင်းဆုံး ဆုရရှိသူများကို ဆုတံဆိပ်နှင့်ငွေကျပ် တစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို ပြပွဲပြိုင်ပွဲပုံစံဖြစ် ပြုလုပ်မည်ဖြစ်၍ MICT Park တွင် ပြခန်းငယ်များ တည်ဆောက်ပေးပြီး ပြိုင်ပွဲဝင်သူက ပြသယှဉ်ပြိုင်ရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဖုန်း–၆၅၂၂၃၈၊ အလုပ်အမှုဆောင် ဦးအောင်သန်းညွန့် ဖုန်း –၀၉–၈၀–၂၃၇၆၂တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုးဘွား ဦးဘွား–ဒေါ်ညိုပွင့်၊ မိဘ ဦးပါ–ဒေါ်ရန်၊ ဦးလေး စည်သူ ဦးသာဒင်၊ မောင် ဦးစိန်အောင်(ခ) ဦးမောင်မောင်တို့အား ရည်စူး၍ အမှတ် ၃၈၊ လမ်းမတော်လမ်း၊ မြို့မတောင်ရပ် သန်လျင်မြို့နေ ဒေါ်အေးသီ၊ ဒေါ်ခင်မြင့်၊ ဒေါ်ထွေးစိန်တို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို ဇူလိုင် ၃၁ ရက်က လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ဟန်က လက်ခံယူစဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၈ရက် (ဥပုသ်နေ့)
၂၃–၈–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	ယူးချောင်းတံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Islands of Dhamma
၈:၅၀	၁၀။	ဘဒ္ဒန္တဩဘာသဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပုဏ္ဏမာရာမဈေးကျောင်း ညောင်တုန်းမြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၅	၃။	Demonstration Exercises for Correct Pronunciation
၁၆:၃၅	၄။	အမှတ်(၃)အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက–၄၊ စမ်းချောင်း) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
၁၇:၁၀	၆။	တေးဂီတအစီအစဉ်
၁၇:၂၅	၇။	အကပဒေသာ
၁၇:၄၀	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇:၅၅	၉။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
၁၈:၀၅	၁၀။	Discovery
၁၈:၁၀	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း–၁၇)
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၁၅	၁၅။	တေးဂီတအစီအစဉ်
၁၉:၃၀	၁၆။	စန္ဒကူးနံ့သာကျောင်းတော်ရာစေတီ(ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း)
၁၉:၄၅	၁၇။	မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရုံရောအခါ"** (အပိုင်း–၁၅)
	၂၂။	မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

အီရတ်ရှိ ကန်စစ်ဘက်ကွပ်ကဲမှု အမြင့်ဆုံးအဆင့်၌ ဦးဆောင်မှုညံ့ဖျင်း အဘူဂါရိပ်အကျဉ်းစခန်းအရှုပ်အထွေး စစ်ဆေးရေးအဖွဲ့က အစီရင်ခံ

ဝါရှင်တန် ဩဂုတ် ၂၃

အီရတ်နိုင်ငံတွင်ရှိသော အမေရိကန်စစ်ဘက်ဆိုင်ရာ၏ ကွပ်ကဲမှုအမြင့်ဆုံးအဆင့်၌ ဦးဆောင်မှုအပိုင်း ညံ့ဖျင်းခြင်းကြောင့် အဘူဂါရိပ်အကျဉ်းစခန်းအရှုပ်တော်ပုံ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း၊ အဘူဂါရိပ်အကျဉ်းစခန်းတွင် ဖြစ်ပွားသော မတရားညှဉ်းပန်းနှိပ်စက်မှုအား စစ်ဆေးသည့် အမေရိကန်စစ်ဘက်စုံစမ်းစစ်ဆေးချက်၌ တွေ့ရှိရသည်ဟု ဝါရှင်တန်ပို့စ်က သောကြာနေ့၌ ရေးသားဖော်ပြလိုက်သည်။

အဘူဂါရိပ်အကျဉ်းစခန်း၌ မတရားညှဉ်းပန်းနှိပ်စက်မှုကို ဗိုလ်မှူးချုပ်ဂျော့ချ်ဖေးက ဦးဆောင်ပြီး စုံစမ်းစစ်ဆေးရာတွင် အကျဉ်းစခန်း၌ ဦးဆောင်မှုအပိုင်း ညံ့ဖျင်းခြင်း၊ ရှုပ်ထွေးသောမူဝါဒများ၊ စည်းကမ်းလျော့ရဲမှုတို့ကို တွေ့ရပြီး ယင်းတို့သည် မတရားညှဉ်းပန်းနှိပ်စက်မှုကို ပေါ်ပေါက်စေခဲ့သည့် အကြောင်းတရားများဖြစ်ကြောင်း အမည်မဖော်သော အဆင့်မြင့်ကာကွယ်ရေးအရာရှိများက ပြောကြားသည်။

ဖော်ပြ

စစ်ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးအား မတရားညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွဲချက်များဖြင့် တရားစွဲဆိုထားရာ ယင်းစွဲချက်များတွင် အီရတ်အကျဉ်းသားများအား အရှက်တကွဲဖြစ်စေမှု ပါဝင်ခဲ့သည်။ စစ်ဘက်ထောက်လှမ်းရေး နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများသည် လုံးဝရှုပ်ထွေးကြောင်း ဝါရှင်တန်ပို့စ်က အရာရှိတစ်ဦး၏ ပြောဆိုချက်ကို ကိုးကားဖော်ပြသည်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ဖော်ပြခဲ့သော အဆိုပါ အဘူဂါရိပ်အကျဉ်းစခန်း၌ ဖြစ်ပေါ်နေသည့် အကျဉ်းသားများအပေါ် မတရားညှဉ်းပန်းနှိပ်စက်မှု သတင်းကို လုံးဝအရေးမစိုက်ခဲ့သည့် အမေရိကန်ထိပ်တန်းတပ်မှူးများတွင် တာဝန်ရှိကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိချက်၌ ဖော်ပြထားသည်။

တင်သွင်းဖွယ်

အမေရိကန်စစ်ဘက်ဆိုင်ရာ၏ ကွပ်ကဲမှုအပိုင်းသည် ထိုမတရားညှဉ်းပန်းနှိပ်စက်သည့် ပြဿနာကို ပို၍အလေးထား အာရုံစိုက်နေသော အရာရှိတစ်ဦးက ပြောကြောင်း ပို့စ်က ရေးသားဖော်ပြသည်။ ဗိုလ်မှူးချုပ်ဖေး၏ အစီရင်ခံစာကို လာမည့်အပတ်၌ ကွန်ဂရက်သို့ တင်သွင်းဖွယ်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် လက်နက်အသင့်ပြင်ပြီး စောင့်ဆိုင်းနေသည့် အီရတ်ပြောက်ကျားတစ်ဦးကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်းတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းပြီ

ဗန်ကောက် ဩဂုတ် ၂၃

အီရတ်နိုင်ငံတွင်ရှိသော ထိုင်းတပ်ဖွဲ့ဝင်များအားလုံး လာမည့်သောကြာနေ့တွင် အီရတ်မှရုပ်သိမ်းပြီး ကူဝိတ်သို့ သွားကြလိမ့်မည်ဟု ထိုင်းကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့ မွန်းလွဲပိုင်း၌ ပြောကြားသည်။

အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ လီမာကင့်မ်မှ ရုပ်သိမ်းလာသော ထိုင်းတပ်ဖွဲ့ဝင် ၄၂၀ ခန့်သည် ကူဝိတ်နိုင်ငံရှိ ဗာဂျီးနီးယားကင့်မ်၌ နေကြမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ပါလန်ဂွန်းဂလာဟန်က သတင်းထောက်များကို ပြောကြားသည်။

ထိုင်းတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ခြောက်လ လုပ်ငန်းတာဝန်ပြီးဆုံးသည့် စက်တင်ဘာ ၂၀ ရက်၌ ထိုင်းနိုင်ငံသို့ ကူဝိတ်မှနေ၍ ပြန်ကြမည်ဖြစ်သည်။ အမေရိကန်စစ်ဘက် ပို့ဆောင်ရေးက ၎င်းတို့အား ထိုင်းနိုင်ငံသို့ ပြန်ပို့ပေးမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အယ်လ်အန်ဘာပြည်နယ်၌တိုက်ပွဲဖြစ်ပွား ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၃

ဘဂ္ဂဒက်အနောက်ဘက်ရှိ အယ်လ်အန်ဘာပြည်နယ်တွင် အီရတ်တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ သီးခြားဖြစ်ပွားသော တိုက်ခိုက်မှုများတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက သောကြာနေ့၌ ပြောကြားသည်။

စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သောကြေညာချက်၌ အမှတ်(၁) မရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် အယ်လ်အန်ဘာ၌ တိုက်ပွဲတွင်ရရှိထားသော ဒဏ်ရာဖြင့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားခဲ့ပြီး အခြားတစ်ဦးမှာ တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

ဘဂ္ဂဒက်အနောက်ဘက်တွင်ရှိသော ဖော်လူဂျာနှင့် ရာမာဒီမြို့များသည် ယင်းအယ်လ်အန်ဘာပြည်နယ်တွင်း၌ ရှိသည်။ လွန်ခဲ့သည့်နှစ်တွင် အမေရိကန်နှင့်အပေါင်းပါ တပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှ စပြီး တိုက်ပွဲအတွင်းသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၀၈ ဦးထက်မနည်းရှိပြီ ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

နာဂျက်ဖ်မြို့တွင် ကြီးမားသောပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား

နာဂျက်ဖ် ဩဂုတ် ၂၃

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် စနေနေ့စောစောပိုင်းက ကြီးမားသောပေါက်ကွဲမှုကြီး လေးကြိမ်ခန့် ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ မည်သို့သော ပေါက်ကွဲမှုဖြစ်ပွားသည်ကို အသေးစိတ်မသိရသေးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ရက်သတ္တနှစ်ပတ်ကျော်ကြာမျှ အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ် ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားလျက်ရှိသည့် နာဂျက်ဖ်မြို့တွင် ယခုကဲ့သို့ ပေါက်ကွဲမှုများ ထပ်မံဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

နာဂျက်ဖ်မြို့ရှိ အမွန်အလီဝတ်ပြုကျောင်းအတွင်း ရှိနေသော အီရတ်လက်နက်ကိုင် ပြောက်ကျားများကို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနှိမ်နင်းမှုများ ပြုလုပ်လျက်ရှိကြောင်း အီရတ်ကြားဖြတ်အစိုးရက ပြောကြားပြီးနောက် ယခုကဲ့သို့ ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

အီရတ်တို့အား ပြီးခဲ့သည့်ဇွန်လကုန်က အုပ်ချုပ်ရေး လွှဲပြောင်းပေးပြီးနောက် အီရတ်ကြားဖြတ်အစိုးရနှင့် အီရတ်တပ်ဖွဲ့ဝင်များ၊ အမေရိကန်တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်လာခဲ့သော အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားများသည် နာဂျက်ဖ်မြို့ရှိ ဝတ်ပြုကျောင်းနှင့် လမ်းအချို့ကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်များ အီရတ်၌တိုက်ခိုက်နေမှုများရပ်တန့်ရန် အဖမ်းခံထားရသော သတင်းထောက် တိုက်တွန်းပြောကြား

ဒူဘိုင်း ဩဂုတ် ၂၃

နာဂျက်ဖ်မြို့တွင် သွေးထွက်သံယိုဖြစ်မှုများရပ်တန့်ရန် အမေရိကန်ပြည်ထောင်စုအား အမေရိကန်စာစာခံက တိုက်တွန်းထားသည့် ဗီဒီယိုတိပ်ခွေကို အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက သောကြာနေ့၌ ထုတ်လွှင့်ပြသခဲ့သည်။

ယင်းတိပ်ခွေ၌ အမေရိကန်စာစာခံ မီကာဂါရင်းက အမေရိကန်တို့၏ အီရတ်၌လုပ်ဆောင်ချက်များ ရပ်တန့်အောင်လုပ်ရန် အမေရိကန်ပြည်သူများအား တိုက်တွန်းသည့် စာတစ်စောင် မိမိကိုပေးပို့ခိုင်းကြောင်း၊ မိမိအား ကောင်းစွာ ပြုစုဆက်ဆံကြောင်း ပြောဆိုထားသည်။

ပြန်ပေးဆွဲခံရ

မီကာဂါရင်းသည် အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာမြို့တွင် ပြီးခဲ့သည့်အပတ်၌ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။ မိမိ၏ကျန်းမာရေးမှာ ကောင်းကြောင်း ဂါရင်းက ပြောကြားသည်ဟု အယ်လ်ဂျာဇီရာက သတင်းဖော်ပြသည်။ ဂါရင်း၏အသံကိုမကြားရသော်လည်း ၎င်းသည်ကျန်းမာရေး အခြေအနေကောင်းပုံရကြောင်း ပြောကြားသည်။

နှစ်ပတ်နီးပါးရှိ

အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါ၏ အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့များအား ခုခံတိုက်ခိုက်နေကြသည်မှာ နှစ်ပတ်နီးပါးရှိသွားပြီ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အင်တာနက်အသုံးပြုသူ ဗီယက်နမ်၌ ငါးသန်းကျော်အထိ တိုးတက်လာ

ဟန္နိုင်း ဩဂုတ် ၂၃

ဗီယက်နမ်နိုင်ငံ၏ အင်တာနက်အသုံးပြုမှုသည် ယခုလစောစောပိုင်းက သိသိသာသာတိုးတက်လာသည်။ အင်တာနက်အသုံးပြုသူ ၅ ဒသမ ၄ သန်းရှိရာ နိုင်ငံလူဦးရေ၏ ၆ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။ ပြီးခဲ့သော ဇူလိုင်လနှင့်နှိုင်းစာလျှင် အကြမ်းဖျင်းအားဖြင့် ၁၇၀ ရာခိုင်နှုန်း တိုးလာသည်။

အဆိုပါ အင်တာနက်အသုံးပြုသူများအနက် အင်တာနက်ငှားရမ်းအသုံးပြုသူ အရေအတွက်သည် ၁ ဒသမ ၄ သန်းကျော်ရှိကာ ၁၈၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ၅၃ ဒသမ ၃ ရာခိုင်နှုန်းမှာ ဗီယက်နမ်စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးကော်ပိုရေးရှင်းမှဖြစ်ကြောင်း ဗီယက်နမ် အင်တာနက် နက်ဝပ်ဗဟိုပြန်ကြားရေးဌာနက ဆင်ဟွာသို့ သောကြာနေ့က ပြောကြားသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံ၌ ၂၀၀၃ ခုနှစ် ဩဂုတ်လက ဝက်ဘ်ဆိုက် ၃၂၀၀ ရှိရာမှ အိမ်ခြေ ၇၇၀၀ သည် ဝက်ဘ်ဆိုက်များ တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ကျေးလက်လူငယ် သန်း ၂၀ ခန့်အား လာမည့်နှစ်များတွင် ကွန်ပျူတာအသုံးပြုနိုင်မည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားများနှင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားစဉ် အသင့်နေရာယူနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်တောင်ပိုင်း၌ ပိုလန်တပ်ဖွဲ့ ကားဗုံးခွဲတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ အခြားခြောက်ဦးဒဏ်ရာရရှိ

ဝါဆော ဩဂုတ် ၂၁

အီရတ်နိုင်ငံတောင်ပိုင်းတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းခံရသဖြင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားခြောက်ဦးဒဏ်ရာရကြောင်း ပိုလန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ပိုလန်တပ်ဖွဲ့ဝင်များအား ယခု တိုက်ခိုက်ခြင်းသည် လေးရက်အတွင်း တတိယအကြိမ်ဖြစ်သည်။

ထို့ပြင် ဟီလာမြို့တွင် ဆေးရုံနှင့် ရဲအဖွဲ့သတင်းရပ်ကွက်များက ပိုလန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားရာတွင် အီရတ်အရပ်သားတစ်ဦးနှင့် အခြားငါးဦးဒဏ်ရာရခဲ့ကြောင်း ပြောဆိုကြသည်။

ပိုလန်တပ်ဖွဲ့ဝင်များ အကာအကွယ်ဖြင့် ထရပ်ကား ၁၉စီးပါယာဉ်တန်း ဖြတ်သန်းခိုက်တွင် ရပ်ထားသော ကားကို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ကြောင်း ပိုလန်ကွပ်ကဲမှုအောက်ရှိ နိုင်ငံစုံတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အာတာဒိုမန်စကီက ပြောကြားသည်။ ဒဏ်ရာရရှိသူများအား ရဟတ်ယာဉ်ဖြင့် ကာဘာလာနှင့် ဘဂ္ဂဒက်ရှိ ဆေးရုံများအပြင် ဟီလာရှိ အခြေစိုက် စခန်းသို့ ပို့ပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဒဏ်ရာရသူ ငါးဦးမှာ အသက်အန္တရာယ်မစိုးရိမ်ရဘဲ အခြေအနေကောင်းကြောင်း၊ဆဋ္ဌမမြောက် ဒဏ်ရာရသူမှာ အနည်းငယ်ဒဏ်ရာရခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

ကြာသပတေးနေ့၌ ချုံခိုတိုက်ခိုက်ခံရမှုမှ လွတ်မြောက်အောင် ကြိုးပမ်းသော ပိုလန်တပ်ဖွဲ့ဝင်များ ယာဉ်မတော်တဆမှုဖြစ်သဖြင့် နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့သည်။

ထို့အရင်နေ့ကလည်း ဘေဘီလုံရှိ ပိုလန်အခြေစိုက်စခန်းအား စိန်ပြောင်းဖြင့် တိုက်ခိုက်ခဲ့ရာ ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။ နှစ်ဦးမှာ ပိုလန်များဖြစ်ကြသည်။ **(အင်တာနက်)**

ဘာဆာရာမြို့ အနောက်တောင်ဘက် ဘာဂျီဆီရာအရပ်၌ ရေနံပိုက်လိုင်းနှင့် လှောင်ကန်များ မီးလောင်နေသည်ကို ဩဂုတ်၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ အင်တာနက်)

နီပေါအလုပ်သမား ၁၂ဦး အီရတ်၌ ဓားစာခံများအဖြစ် ဖမ်းဆီးခြင်းခံရ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဖမ်းဆီးခြင်းဖြစ်ဟုဖော်ပြ

ဒူဘိုင်း ဩဂုတ် ၂၁

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ဆောင်မှုကြောင့် နီပေါအလုပ်သမား ၁၂ဦးကို ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက ဖမ်းဆီးထားကြောင်း အင်တာနက်မှသောကြာနေ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ဖမ်းဆီးထားသူများ၏ပုံကို မကြာမီ၌ မိမိတို့ထုတ်ပြန်မည်ဖြစ်ရာ အခြားသူများအတွက် ၎င်းတို့သည် သင်ခန်းစာတစ်ရပ် ဖြစ်မည်ဖြစ်ကြောင်း၊ အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်များအား တိုက်ခိုက်နေသည့် အုပ်စုများ မကြာသေးမီလများအတွင်း၌ အသုံးပြုခဲ့သည့် ဝက်ဘ်ဆိုက်မှနေ၍ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြခြင်းမရှိ

နီပေါကုမ္ပဏီသည် ဂျော်ဒန်ကုမ္ပဏီမှတစ်ဆင့် အီရတ်၌ လုပ်ငန်းများဆောင်ရွက်နေကြောင်း ကြေညာချက်၌ ဖော်ပြထားသော်လည်း အသေးစိတ် ဖော်ပြခြင်းမရှိပေ။

အဆိုပါအုပ်စုက ဘဂ္ဂဒက်ရှိ ဒိုရာရေနံချက်စက်ရုံသို့ ရေနံများပေးပို့ သောပိုက်လိုင်းငါးခုကို ဩဂုတ်လ ၁၄ရက်၌ တိုက်ခိုက်ခဲ့ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပြန်ပေးဆွဲ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ကုမ္ပဏီများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ကြားဖြတ်အစိုးရသစ်တို့ကို အထောက် အကူပေးနေသော တပ်ဖွဲ့ဝင်များနှင့် လူတစ်ဦးချင်း အီရတ်မှ ထွက်ခွာသွားစေရန် ရည်ရွယ်လျက် ပြန်ပေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ဓားစာခံအများအပြားကို ဖမ်းဆီးခဲ့ရာ အချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း ကိုးဦးထက်မနည်းအား သတ်ဖြတ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရန်သတင်းဌာနမှ အမှုထမ်းလေးဦးအား ပြန်လွှတ်ပေးရန်တောင်းဆို

တီဟီရန် ဩဂုတ် ၁၂

ဘဂ္ဂဒက်၌ အီရန်သတင်းဌာနမှအမှုထမ်းလေးဦးအား အီရတ်နိုင်ငံက ဖမ်းဆီးထားခြင်းကို အီရန်နိုင်ငံက ဆန့်ကျင်ကန့်ကွက်လိုက်ပြီး ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

ဘဂ္ဂဒက်၌ အီရန်သတင်းဌာန အကြီးအကဲနှင့် ဒေသအလုပ်သမားသုံးဦးအား အီရတ်ရဲအဖွဲ့က တနင်္လာနေ့၌ ဖမ်းဆီးသွားကြောင်း၊ ၎င်းတို့အား အီရတ်ပြည်ထဲရေးဝန်ကြီးဌာန၌ ဖမ်းဆီးချုပ်နှောင်ထားကြောင်း၊ ၎င်းတို့အား မည်သည့်အတွက်ကြောင့် ဖမ်းဆီးရသည်ကို မပြောကြောင်း အီရန်သတင်းဌာန (အိုင်အာအင်အေ)က ဘဂ္ဂဒက်ရှိ အီရန်သံတမန်၏ ပြောစကားကို ကိုးကားလျက်ဖော်ပြသည်။

တင်းမာ

အီရန်သတင်းဌာန အမှုထမ်းများအား ယခုကဲ့သို့ ဖမ်းဆီးခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် လက်ခံနိုင်စရာမဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဌာနက ပြောဆိုကြောင်း အိုင်အာအင်အေက သတင်းဖော်ပြသည်။

အီရန်နိုင်ငံသည် မော့တာဒါအယ်လ်ဆာဒါ၏ ခုခံတိုက်ခိုက်ရေးသမားများကို လက်နက်များ အထောက်အပံ့ပေးနေကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးက စွပ်စွဲခဲ့ပြီးနောက်ပိုင်း အီရန်နှင့်အီရတ် အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးသည် ယခုသီတင်းပတ်၌ တင်းမာခဲ့သည်။**(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်တောင်ပိုင်း၌ ရေနံပိုက်လိုင်းတစ်လိုင်း ဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် မီးလောင်ကျွမ်း

ဘာဆာရာ ဩဂုတ် ၂၁

အီရတ်နိုင်ငံ တောင်ပိုင်း၌ရှိသော ရက်အနည်းငယ် အသုံးမပြုဘဲထားသည့် ရေနံပိုက်လိုင်းတစ်လိုင်းကို အီရတ်တိုက်ခိုက်ရေးသမားများက စနေနေ့တွင် ဗုံးဖောက်ခွဲမှုကြောင့် မီးလောင်ခဲ့ကြောင်း ထိုဒေသရှိ လုံခြုံရေးတပ်ဖွဲ့များက ပြောကြားသည်။

ဖောက်ခွဲမှုသည် အီရတ်တောင်ပိုင်း ဘာဆာရာမြို့၏အနောက်တောင်ဘက် မိုင် ၂၀အကွာရှိ ဘာဂျီဆီရာ၌ ဖြစ်ကြောင်း အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့မှ ဗိုလ်မိုဟာမက်အယ်လ်မူဆာဝီက ပြောကြားသည်။

ပိတ်ထား

ယင်းပိုက်လိုင်းသည် ရူမီလာရေနံတွင်းများနှင့် ဖောကျွန်းဆွယ်ရှိ ရေနံတင်ပို့သော လှောင်ကန်များသို့ ဆက်သွယ်ထားသော ပိုက်လိုင်းဖြစ်ပြီး ခုခံတိုက်ခိုက်ရေးသမားများက ခြိမ်း ခြောက်ထားသဖြင့် ပိတ်ထားသည်မှာ ရက်အနည်းငယ်ကြာပြီဖြစ်သည်။ ယခုကဲ့သို့ ဖောက်ခွဲခံရသဖြင့် ရေနံတင်ပို့မှု၌ မည်သည့် ထိခိုက်မှုရှိမည်ကို အတိအကျမသိရဟု ဆိုသည်။

ဖောက်ခွဲမှုသည် ပိုက်လိုင်း၏ အဆို့ရှင်တစ်ခုအနီး၌ဖြစ်ပြီး အနီး၌ရှာတွေ့ရသော နောက်ထပ်ဗုံးတစ်လုံးကို စနက်တံဖြုတ်ပစ်ခဲ့ရသည်ဟု အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

ဟန့်တား

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံ၏ အဓိက ဝင်ငွေရှာပေးရာဖြစ်သော ရေနံလုပ်ငန်းကို ထပ်ခါတလဲ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြင့် အီရတ်ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအား အဟန့်အတားပြုလျက်ရှိသည်။ **(အင်တာနက်)**

အေအိုင်ဒီအက်စ်ကုသရေးနှင့်တားဆီးကာကွယ်ရေးစည်းမျဉ်းဥပဒေ တရုတ်နိုင်ငံကျန်စုပြည်နယ် ဥပဒေပြုလွှတ်တော်ကပြဋ္ဌာန်း

နန်ကျင်း ဩဂုတ် ၂၀

တရုတ်နိုင်ငံ၏ ကျန်စုပြည်နယ် ဥပဒေပြုလွှတ်တော်က အေအိုင်ဒီအက်စ် ကုသရေးနှင့် တားဆီးကာကွယ်ရေးစည်းမျဉ်းဥပဒေတစ်ရပ်ကို သောကြာနေ့က ပြဋ္ဌာန်းလိုက်သည်။

ယခု အတည်ပြုပြဋ္ဌာန်းလိုက်သော စည်းမျဉ်းဥပဒေသည် တရုတ်နိုင်ငံ၌ ဒေသအစိုးရအဖွဲ့ အစည်းက ပထမဆုံး ထုတ်ပြန်လိုက်သော အေအိုင်ဒီအက်စ်တားဆီးရေးနှင့် ကုသရေးဥပဒေဖြစ်သည်။

ကျန်စုပြည်နယ်က ပြဋ္ဌာန်းလိုက်သော စည်းမျဉ်းဥပဒေ၌ အခန်းခုနစ်ခန်းတွင် အပိုဒ်ခွဲ ၄၃ခုရှိပြီး အေအိုင်ဒီအက်စ် တားဆီးရေး၊ ထိန်းချုပ်ရေး၊ စီမံကွပ်ကဲရေး၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များ၏ ရပိုင်ခွင့်များပါဝင်သည်။

လွန်ခဲ့သည့်ဇူလိုင်လကုန်၌ ကျန်စုပြည်နယ်တွင် အေအိုင်ဒီအက်စ်ဝေဒနာရှင် ၁၀၀နှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူ ၅၃၇ဦးရှိကြောင်း သိရသည်။

ကျန်စုပြည်နယ်တွင် အေအိုင်ဒီအက်စ်ဖြစ်ပွားသူ အရေအတွက်သည် အေအိုင်ဒီအက်စ်အများဆုံးဖြစ်ပွားသော ထိပ်တန်းပြည်နယ် ၂၀ထက် နိမ့်ကျသော်လည်း ယင်းပြည်နယ်၏ အေအိုင်ဒီအက်စ်ဖြစ်ပွားမှု တိုးတက်နှုန်းသည် နိုင်ငံလုံးဆိုင်ရာ ပျမ်းမျှနှုန်းထက် ၃၀ရာခိုင်နှုန်း ပိုမိုမြင့်မားသည်။

အင်တာနက်၊ဆင်ဟွာ

❍ ရှေ့ဖုံးမှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ညနေ ၄နာရီခွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းဆောင်ခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း လမုတောဥယျာဉ်၌ Mangroveအုပ်စုဝင်အပင်များဖြစ်ကြသည့် လမု၊ ကန့်ဘလာ၊ ကနစို၊ ခရာ စသည့် အပင်များကို ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ခဲ့မှု၊ သစ်တောမိတ်ဆွေအသင်းနှင့် ပူးပေါင်းလျက် ရခိုင်ကမ်းရိုးတန်းမှ လမုမျိုးစိတ်ဝင် မဒမ(သီးလုံးကောက်)၊ မဒမ (သီးလုံးဖြောင့်)၊ဖြူးအုပ်ဆောင်း၊နှံဖြူး၊ ဖြူးဝါးကြိတ်လိမ်၊ ဖြူးရွှေဝါ၊ ဖြူးခြေထောက်၊ ဖြူးဥတစ်လုံး၊ ဖြူးဗိုင်းတောင့်ပင်များ စိုက်ပျိုးနေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း ဒေသအထိမ်းအမှတ် ရုပ်လုံး ရုပ်ကြွများဖြစ်သည့် ဖုန်ကန်ရာဇီတောင်နှင့် ကြိုးတံတား၊ ဖားကန့်ကျောက်စိမ်းတွင်း၊ ကိန္နရီ၊ ကိန္နရာရုပ်၊ ငွေတောင်ဆည်၊ နဂါးဖားဘုရား၊ ဖားစည်၊ အောက်ချင်းငှက်၊ ဝါးညှပ်အက၊ မင်းကွန်းခေါင်းလောင်း၊ ဆွမ်းအုပ်ကြီး၊ သံလွင်တံတား (မော်လမြိုင်)၊ ရှစ်သောင်းပုထိုး၊ ဆင်ဖြူအုပ်၊ ဗျာလွှ၊ ကျိုင်းတောင်းရေတံခွန်၊ ရှမ်းအိုးစည်ကြီး စသည်တို့ကို သက်ဆိုင်ရာ တိုင်းရင်းသားကျေးရွာများတွင် တည်ဆောက်မည့်အစီအစဉ်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား ပြည်ထောင်စုစိတ်ဓာတ် ပညာပေးစခန်းတစ်ခုဖြစ်စေရန်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးအသီးသီး၏ နေထိုင်မှုဓလေ့စရိုက်ကို ဖော်ပြသည့် ရိုးရာနေအိမ်များ၊ လူမျိုးအလိုက် ဝတ်စားဆင်ယင်မှု၊ လူမျိုးအသီးသီး၏ အသုံးအဆောင်များနှင့် နေ့စဉ်သုံး ပစ္စည်းများ၊ တူရိယာဂီတ အနုပညာပစ္စည်းများ ပြသထားမှုအခြေအနေ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်များ အခါအားလျော်စွာ ကျင်းပနေသည့် အခြေအနေ၊ အင်းလေးကန်ပတ်ဝန်းကျင် သာယာလှပစေရေးနှင့် ကျေးငှက်များ လာရောက်နားနေရေးအတွက် သစ်ပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးထားရှိမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဝင် မုခ်ဦးအား ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုအနှစ်သာရ၊ ကြံ့ခိုင်တောင့်တင်းခိုင်ခံ့မှု ဂုဏ်ဒြပ်တို့ ပီပြင်စွာဖော်ညွှန်းနိုင်ရန် ပုံစံထုတ် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မှာကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားပြည်သူများ အပန်းဖြေနားနေနိုင်မည့် အေးချမ်းသာယာလှပသည့် နေရာဒေသတစ်ခုဖြစ်စေအောင်သာမက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း ဝင်ရောက်လေ့လာမိသည်နှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများ၊ အနုပညာရပ်များကို သိမြင်ခံစားရစေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပွားများခိုင်မာလာစေရန် စီစဉ်ဆောင်ရွက်ထားရမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီးအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ၏ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်နေမှု၊ တိုင်းရင်းသား ချစ်ကြည်သွေးစည်းမှု ကျစ်လျစ်ခိုင်မာ ဖြစ်ထွန်းနေမှုတို့ကို ပီပြင်စွာ ဖော်ညွှန်းပြသနိုင်ရမှာဖြစ်ကြောင်း။

ထုလုပ်ပြသ

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အားကစားနည်းတစ်ရပ် ဖြစ်သည့်အပြင် မြန်မာလူမျိုးတို့၏ တစ်ဦးနှင့်တစ်ဦး ကူညီဖေးမရိုင်းပင်း ထောက်ကူပေးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းပြဆိုနိုင်သည့် မြန်မာ့ခြင်းဝိုင်းပုံ ရုပ်လုံးရုပ်ကြွများ စီမံထုလုပ်ပြသရန်သင့်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအတွင်း သဘာဝရေမြေ တောတောင်များ၊ သစ်ပင်ပန်းပင်များ၊ သဘာဝသစ်တောကြီးများ မပျက်မယွင်း တည်ရှိနေမှုနှင့် မြန်မာလူမျိုးတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမှုကို ဖော်ညွှန်းပြသနိုင်စေရန်လည်း စီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်း တိုးချဲ့တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၁ရက် ညဈနာရီတွင် မော်တော်ယာဉ်များဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးများရုံးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့သို့ သွားရောက်၍ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ချွေတာသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဝန်ကြီးဌာနများအလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲနေမှု အခြေအနေများကို သုံးစွဲယူနစ်များပေါ် မူတည်၍ အပတ်စဉ် စစ်ဆေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများကလည်း မလိုအပ်သည့်အချိန်တွင် မလိုအပ်သော မီးလုံး၊ မီးချောင်းနှင့် အခြားသုံးစွဲမှုများကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝအလင်းရောင် ရရှိချိန်တွင် သဘာဝအလင်းရောင်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲခြင်းကြောင့်လည်း ရန်ကုန်မြို့တော်အတွင်း ၃၁ မြို့နယ်အနက် ယခင်ရှစ်မြို့နယ်သာ ၂၄နာရီ ဓာတ်အားပေးနိုင်ခဲ့ရာမှ ယခုအခါ ၂၉ မြို့နယ်ကို ၂၄နာရီ ဓာတ်အားလွှတ်ပေးနိုင်ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ချွေတာသုံးစွဲသည့်အလေ့အကျင့် ရရှိစေရန် စနစ်တကျ ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရန်ကုန်မြို့တော်အတွင်း မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိ၊ သုံးစွဲနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၄ခုနှစ် အောက်တိုဘာလတွင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများ စစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများ ရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့် ဂျီတီစီစနစ်သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်း၊ ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ခုနှစ် ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက်က မြို့နယ်ရုံးခန်းမတွင်ကျင်းပရာ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးမြအောင်က အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

မြန်မာနယူးစ်ဝီက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၅) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနယူးစ်ဝီက် ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၅)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် ရန်ကုန်တွင် ဂျီအက်စ်အမ်ဖုန်းသစ် ကိုးသောင်းကျော် ယခုနှစ်မကုန်မီ ထပ်မံချပေးမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်ပြောကြား၊ မြန်မာ့ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် နိုင်ငံတကာစံ HACCP စနစ်ကို ၂၀၀၆၌ အပြည့်အဝကျင့်သုံးမည်၊ မလေးရှားက အရည်အချင်းမီ မြန်မာဆရာဝန်များကိုသာ ဆက်လက်ခန့်ထားဆဲဟုပြောကြား၊ ကမ္ဘောဒီးယားပါး စာရင်းဝင် သစ်ခွနက် အောင်မြင်စွာမျိုးပွားထုတ်လုပ်နိုင်ပြီ၊ ယခုလကုန်ရက်တွင် ရန်ကုန်မြစ်တွင်း ထူးကဲဒီရေ အမြင့်ဆုံးတက်မည် ကမ်းနားတစ်လျှောက် နေထိုင်သူများ အထူးသတိပြုရန်၊ ရန်ကုန်တွင် မကြာမီ ဂျီအက်စ်အမ်ဖုန်းများဖြင့် အင်တာနက် အသုံးပြုနိုင်တော့မည်၊ အရည်အချင်း မပြည့်မီသော ဘွဲ့ရများ မွေးထုတ်နေခြင်းအတွက် တောင်ကိုရီးယား လုပ်ငန်းရှင်များက ယင်းတက္ကသိုလ်များကို အပြစ်တင်၊ ဒူးရင်းနှင့် ကြက်မောက်ရောင်းပြီး တောင်သူတွေ သူဌေးဖြစ်ရန် မလေးရှားက စိုက်ပျိုးရေးကဏ္ဍ မဟာဗျူဟာများ ပြောင်းလဲ စသည့် ပြည်တွင်း ပြည်ပ စိတ်ဝင်စားဖွယ်ရာ သတင်းများ၊ အပတ်စဉ် ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ အားလပ်ရက် အပန်းဖြေအညွှန်း၊ နိုင်ငံတကာပညာရေး မိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Media House ဖုန်း- ၇၀၃၈၁၃ က ဖြန့်ချိထားသည်။ **(က-ပ)**

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၇)ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၂

မိုးတစိမ့်စိမ့် မိုးတဖြိုင်ဖြိုင် ရွာသွန်းနေသည့်တိုင် နေ့စဉ်နှင့်အမျှ ဘဝခရီးဆက်နေကြသော မိုးရာသီ သဘာဝပုံရိပ်ဖြစ်သည့် ရန်ကုန်မိုးဖွဲ တသဲသဲ မျက်နှာဖုံးအလှဖြင့် **“ဝံသာနု”** သတင်းလွှာ အတွဲ(၁၃)၊အမှတ်(၁၇)ကို ယနေ့ထုတ်ဝေကြောင်းသိရသည်။ **(ယာပုံ)**

“ဝံသာနု” သတင်းလွှာတွင် ကုန်သေတ္တာအတွင်း သို့ဝှက်ယူဆောင်လာသောပစ္စည်းများ တားဆီး၊ သစ်တင်ရေယာဉ်တစ်စီး နစ်မြုပ်၊ လေပြင်းတိုက်သဖြင့် ငါးဖမ်း စက်လှေနစ်မြုပ် စသော ပြည်တွင်းသတင်းများနှင့် ခြိမ်းခြောက်စိန်ခေါ်မှုများ ရင်ဆိုင်ရသော အီရတ်၊ အမေရိကန်သမ္မတကြီးဘုရှ် ပြောင်းဖူးစားရတဲ့အကြောင်း၊ စပိန်နိုင်ငံမှ ရထားဗုံးပေါက်ကွဲမှုကြီး၊ လူပြောင်းသည့်တိုင် မူမပြောင်းတဲ့ အမေရိကန်နိုင်ငံရေး၏ ရှေ့ခရီး၊ အရှိန်ပြင်းစွာ လောင်ကျွမ်းနေသော အီရတ်စစ်မီးလျှံ၊ လေယာဉ်ချင်းတိုက်မည့်ဘေးက သီသီလေးလွတ်ခဲ့သူ ချားလ်မင်းသား၊ ၂၀၀၅ခုနှစ် မယ်စကြဝဠာပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး ကြိုးပမ်းနေသော ထိုင်းနိုင်ငံ အပါအဝင် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများ၊ ဆောင်းပါးများကိုဖော်ပြပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ **(က-ပ)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ် ၂၂ရက်က ကျောင်းသားကျောင်းသူများ၏ မိဘအုပ်ထိန်းသူများနှင့် ပညာရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို လှိုင်မြို့နယ် အထက(၁) ဘုရင့်နောင်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်နွဲ့နွဲ့ဝင်းက ရှင်းလင်းပြောကြားစဉ်။ (က-ပ)

✻ ကျောဖုံးမှ

အဆိုပါ အခမ်းအနားသို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုတော်မူသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်မှ ဟိန္ဒူဘာသာရေး ခေါင်းဆောင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ကြပြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရအားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ကြည်း၊ရေ၊လေ တပ်မတော်အရာရှိကြီးများ၊ ဒုတိယမြို့တော်ဝန်တို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကလှူဒါန်းသော ဆွမ်းဆန်တော်၊ဆီနှင့်ပဲများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး ချန်မောင်တို့က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ပရိယတ္တိစာသင်တိုက်ကြီး သုံးတိုက်အတွက် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ပန်းဘဲတန်းမြို့နယ်ရှိ သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်မှ ဟိန္ဒူဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ်တို့က လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလှူဒါန်းသည့် ဆွမ်းဆန်တော်များကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို အဖွဲ့ဝင်(၁) ရဲမှူးကြီးအောင်ဒိုင်းကလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကို သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးကလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းသော ဆီနှင့် ဆပ်ပြာများကို ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ လှူဒါန်းသော အိုင်အိုဒင်းဆားများနှင့် သွားတိုက်ဆားများကို ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်ကလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှလှူဒါန်းသော တိုင်းရင်းဆေးများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ကလည်းကောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

လသာမြို့နယ်

ဆက်လက်၍ လသာမြို့နယ်မှ လှူဒါန်းသော ဆွမ်းဆန်တော် ခြောက်အိတ်၊ စန္ဒီပရဆေးလုပ်ငန်းမှ ဦးသိန်းမောင်–ဒေါ်ပါးပါးမိသားစုက ဆွမ်းဆန်တော် ငါးအိတ်၊ အိုကေဆန်ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးငြိမ်း–ဒေါ်အုံးကြည် မိသားစုက ဆွမ်းဆန်တော် ငါးအိတ်၊ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆွမ်းဆန်တော် သုံးအိတ်၊ ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများက ဆွမ်းဆန်တော် သုံးအိတ်၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းက ဆွမ်းဆန်တော် ငါးအိတ်၊ ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆွမ်းဆန်တော် နှစ်အိတ်၊ မှန်ချိုဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ သမားတော်ကြီး ဦးလှဌေး–ဒေါ်တင်နွယ်ဦး မိသားစုက ဆေးမျိုးစုံ ဘူး ၃၀၀၊ ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေတို့က ထွန်းရွှေဝါလိမ်းဆေးဘူး ၃၆၀၊ ကေသီပန် ဆေးဝါးထုတ်လုပ်ရေးမှ ဆရာဦးလှမြင့်နှင့် သားကိုကြည်စိုးတို့က ကေသီပန်ဆေး ပရုတ်ဆီဘူး ၁၂၀နှင့် ခေါင်းကြည်ဆေးဘူး ၅၀၊ မြတ်သဇင် ဆေးဝါး ထုတ်လုပ်ရေးမှ ဦးအောင်ဇော်မြင့်–ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က ဆေး ၃၆ဘူး၊ ဂဠုံရာဇာဆေးဝါးထုတ်လုပ်ရေးမှ ဦးမြင့်လွင် မိသားစုက ဂဠုံရာဇာလိမ်းဆေး၄၈ဘူးတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းကြရာ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၁၂၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၄၂၀၅၀၀၊ ဆိပ်ကမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၄၀၀၀၀နှင့် ရွှေသံလွင်ကုမ္ပဏီမှ သီရိသုဓမ္မဓဇဇောတရေ သီဟသုဓမ္မဓဇဇောတရေ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းဝင်း၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်နီတို့၏ လှူဒါန်းငွေ ကျပ် ၁၀၀၀၀၀၀နှင့် ဟိန္ဒူဗုဒ္ဓဘာသာဝင်များ စုပေါင်းလှူဒါန်းငွေကျပ် ၂၆၆၃၀၀ တို့ကို လက်ခံယူသည်။

ဆက်လက်၍ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၄၀၀၀၀၊ Sir Sudhir Moeက ငွေကျပ် ၂၀၀၀၀၀၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီမှ ဦးတင်ဝင်း – ဒေါ်စန်းစန်းဝင်းက ငွေကျပ် ၁၅၀၀၀၀၊ K.B International Co., Ltd. က ငွေကျပ် ၁၅၀၀၀၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းက ငွေကျပ် ၁၁၁၁၁၁၊ Asia King Co.,Ltd.က ငွေကျပ်၁၁၁၁၁၁၊ Myanmar Swiss Singapore Co.,Ltd. က ငွေကျပ် ၁၀၁၀၀၀ အပါအဝင်အလှူရှင်စုစုပေါင်း ၅၅ဦးတို့၏လှူဒါန်းငွေကျပ်၆၇၂၆၈၃၁ တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက အသီးသီးလက်ခံရယူကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်(လေ)ကရှင်းလင်းတင်ပြလျှောက်ထားသည်။

ယင်းနောက် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှူးပြုသော ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကာ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဝတ်အသင်းက ဒိသာဖရဏမေတ္တာပို့သကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၀၃အိတ်၊ ဆီ၂၉ပိသာ၊ ပဲ ၅၉ပိသာ၊ ဆား ၂၉၈ပိသာ၊ သွားတိုက်ဆားဘူး ၆၀၊ တိုင်းရင်းဆေးမျိုးစုံ ၉၁၄ဘူးနှင့် ဆွမ်းပဒေသာပင်အလှူငွေမှာ စာသင်တိုက်ကြီး သုံးတိုက်အတွက် ငွေကျပ်၄၆၄၀၆၅၃ နှင့် သနတ္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်အတွက် ငွေကျပ် ၂၀၈၆၁၇၈ ကျပ်ဖြစ်သည်။

ကမာရွတ်မြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အတွင်းရှိ သုစိတ္တာရုံ သာသနာ့ပါရဂူနှင့် ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်ကြီးသုံးတိုက်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ၂နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ဗဟိုလမ်းရှိ သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ကမာရွတ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာန နာယက

စာမျက်နှာ ၁၂ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပန်းဘဲတန်းမြို့နယ်၊ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ်အတွင်းရှိ စာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်ရှိ သနတ္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် ဆန်၊ ဆီ၊ ပဲတို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက သနတ္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်မှ ဟိန္ဒူဘာသာရေးကိုယ်စားလှယ်များထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်အားပေးချီးမြှင့်

နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများလက်တွဲဆောင်ရွက်၍ ကျောင်းနေနှုန်း ၉၆ ဒသမ ၅၆ အထိတိုးတက်လာ

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး စေတနာရှင်ပြည်သူများကူညီမှု ကျပ်သန်း ၁၀၀ ကျော်ရှိ

မြန်မာနိုင်ငံ၏ စာတတ်မြောက်သူရာခိုင်နှုန်းမှာ အာရှတွင်ထိပ်တန်းကပါဝင်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်၊ ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်း၊ အမှတ်(၃၈) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နံနက်၉နာရီတွင် (၂/ခ)ရပ်ကွက်ရှိ အဆိုပါကျောင်း ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုးချဲ့ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံမြို့နယ် အမှတ်(၃၈)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးအားပေးစဉ်။

(သတင်းစဉ်)

မူကြိုကျောင်းဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ဖဲကြိုးဖြတ်၍ ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မူလတန်းကြိုကျောင်းအတွင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်စက်မှုဇုန် နေ့ကလေးထိန်းကျောင်း ကျောင်းအုပ်ချုပ်ရေးကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံ မြို့နယ် အမှတ် (၃၈) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က မင်္ဂလာဒုံမြို့နယ် အမှတ်(၃၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလှူငွေပေးအပ်

ထို့နောက် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်၊ ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းနှင့် အမှတ် (၃၈)အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ကျောင်းခန်းမအတွင်း ဆက်လက်ကျင်းပသည်။

ဩဂုတ် ၂၂ရက်က ဖွင့်လှစ်ပေးလိုက်သော မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းကို တွေ့ရစဉ်။

(သတင်းစဉ်)

အရုပ်လက်ဆောင်များ ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားအပြီးတွင် မူလတန်းကြိုကျောင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး ကလေးငယ်များအား အရုပ်လက်ဆောင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

ရှေးဦးစွာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဝင်းက ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းရခြင်းကိုရှင်းလင်းတင်ပြရာတွင် မြို့နယ်ဖွံ့စည်းမှုပုံစံစနစ်တကျ ဖြစ်စေရေးအတွက် မြို့ပြနှင့်ဒေသ စီမံကိန်းနှင့်အညီ ခရေပင်လမ်းကို အမှတ်(၁) လမ်းမကြီးမှ အမှတ်(၃) လမ်းမကြီးအထိ ဂျိုးဖြူပိုက်လိုင်းနှင့် မီးရထားလမ်းကို ဖြတ်ကျော်ပြီး ဆက်သွယ်ဖောက်လုပ်ခဲ့ပါကြောင်း။

လမ်းများဖောက်လုပ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပတ်ဝန်းကျင် ဖွံ့ဖြိုးရေးစီမံကိန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လေယာဉ် အတက်အဆင်းလမ်းကြောင်းမြင်ကွင်း၌ မလှမပဖြစ်နေခြင်းကို အိမ်ရာစီမံကိန်းများ ဆောင်ရွက်ခြင်း၊ လမ်းများဖောက်လုပ်ခြင်းဖြင့် လှပအောင်ပြုပြင်ဆောင်ရွက်ခဲ့ပါကြောင်း။

လေယာဉ်အတက်အဆင်းလမ်းအောက်မြင်ကွင်းကို အကွက်ကျလှပပြီး စနစ်တကျဖြစ်စေရန် မြို့အင်္ဂါရပ်နှင့်အညီ မြေကွက်များဖော်ထုတ်၍ ခရေပင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဖြစ် စနစ်တကျအကွက်ချထားပေးခဲ့ကြောင်း၊ မြေကွက်ဖော်ထုတ်ခြင်းနှင့်အတူ အကျယ် ၂၂ ပေ၊ ထု ၈ လက်မရှိ သံကူကွန်ကရစ်လမ်းနှင့် အကျယ် ၁၈ ပေ၊ ထု ၈လက်မရှိ သံကူကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း များ၊ ရေနုတ်မြောင်းစနစ်များကို တစ်ပြိုင်နက်တည်းပြုလုပ်ခဲ့ပါကြောင်း၊ ယင်းနောက် လေယာဉ်အတက် အဆင်းမြင်ကွင်းကို ပိုမိုလှပအောင် ပထမ အဆင့်အနေဖြင့် တန်ဖိုးနည်း နှစ်ထပ်လုံးချင်းတိုက် ၁၅လုံးကို စတင် ဆောက်လုပ်ခဲ့ရာ ဝယ်ယူသူများ အထူးနှစ်သက်သဖြင့် တစ်ဆင့်ပြီး တစ်ဆင့်တိုးချဲ့ဆောက်လုပ်ခဲ့ရာ စုစုပေါင်းတန်ဖိုးနည်း နှစ်ထပ်လုံးချင်းတိုက် ၄၆လုံး ဆောက်လုပ်ရောင်းချခဲ့ပါကြောင်း၊ ထပ်မံဖော်ထုတ်နိုင်သော မြေကွက်လွတ် ၁၁ ကွက်၌ နှစ်ထပ်လုံးချင်းတိုက် ၁၁လုံးကို ဆက်လက်ဆောက်လုပ်လျက်ရှိပါကြောင်း။

လုံးချင်းတိုက်များ

လုံးချင်းတိုက်များနှင့်အတူ (၈ ပေ x၆ပေ)ဈေးဆိုင်ခုံ ၄၈ ခုံပါရှိသော Covered Market တစ်ခု၊ Open Market တစ်ခု၊ ရှစ်ခန်းတွဲနှစ်ထပ် Shop House တစ်ခု၊ အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း ခြောက်ခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ခုတို့ကို ဆောက်လုပ်ခဲ့ပါကြောင်း၊ ယနေ့ဖွင့်လှစ်သော အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်းသည် ယခင်တစ်ထပ်ဆောင် မူလတန်းကျောင်းဟောင်း၏ ဘေးမြေကွက်လပ်၌ မူလတန်းလွန်ကျောင်း အဆင့်မြှင့်တင်နိုင်ရန်မျှော်မှန်း၍ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ခရေပင်ရိပ်မွန်အိမ်ရာ စီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်တိုင်နှင့် မီးကြိုးများ၊ ထရန်စဖော်မာများကိုလည်း တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော ဒေသများသို့ ဆက်သွယ်ရန် မြို့ပတ်ရထားသံလမ်းနှင့်အပြိုင် ၁ ဒသမ ၁၃၆ မိုင်ရှည် အကျယ် ၂၂ ပေ၊ ထု ၈လက်မရှိ သံကူကွန်ကရစ်လမ်း တစ်လမ်းနှင့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တစ်စင်းတည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါကြောင်း၊ လေယာဉ်ကွင်းနှင့်ကပ်လျက်ရှိသော ရပ်ကွက်တွင်လည်း သံကူကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးခဲ့ပါကြောင်း။

ထပ်မံဖော်ထုတ်မည်

ရှေ့လုပ်ငန်းစဉ်အဖြစ် ခရေပင်လမ်း၏မြောက်ဘက်ခြမ်း၌ စမ်းကြီးဝအိမ်ရာစီမံကိန်းကို ဖော်ထုတ်ပြီး နှစ်ထပ်လုံးချင်းတိုက်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ခရေပင်ရိပ်မွန် အိမ်ရာစီမံကိန်း၏ အရှေ့ဘက်ခြမ်း၊ ရထားသံလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြား မြေနေရာ ခန့်မှန်း ၄၂ ဒသမ ၈၆၅ဧကတွင် လုံးချင်းအိမ်ရာစီမံကိန်းတစ်ခု ထပ်မံဖော်ထုတ်သွားရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အကောင်အထည်ဖော်

အထက်ဖော်ပြပါ အိမ်ရာစီမံကိန်းများနှင့် ဆက်စပ်၍ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်စက်မှုဇုန်နှင့် မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းတို့ကိုလည်းကောင်း၊ ၎င်းစီမံကိန်းများနှင့်ဆက်စပ်၍ ရွှေပေါက်ကံစက်မှုဇုန်ကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းနှင့် အမှတ် (၃၈) အခြေခံပညာမူလတန်းကျောင်းများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇေကမ္ဘာကုမ္ပဏီက ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မင်္ဂလာဒုံမြို့နယ်တွင် အိမ်ရာစီမံကိန်းများ ဆောင်ရွက်မှုနှင့်အတူ ခရေပင်လမ်းသစ်ဖောက်လုပ်ခြင်း စီမံကိန်းကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ခရေပင်လမ်းသစ်သည် အဓိကလမ်းမကြီးများဖြစ်သည့် အမှတ်(၃)လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီးများကို ဆက်သွယ်နိုင်ရန်အတွက် မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ကိုဖြတ်ပြီး အရှေ့ဘက်သို့ဆက်၍ ဖောက်လုပ်ထားခြင်းဖြစ်ပါကြောင်း။

အဆိုပါခရေပင်လမ်းသစ်သည် ၃ဒသမ၄မိုင်ရှည်၍ အကျယ် ၂၂ပေ၊ ထု ၈လက်မရှိ သံကူကွန်ကရစ်လမ်းဖြစ်ပြီး လမ်းကြောင်းပေါ်၌ ရှိသော တူးမြောင်းလေးခုနှင့် ချောင်းနှစ်ချောင်းကို ဖြတ်ရသည့်အတွက် လေးလမ်းသွား သံကူကွန်ကရစ် တံတားခြောက်စင်းကိုလည်း ထည့်သွင်းဆောက်လုပ်ပေးခဲ့ပါကြောင်း။

ထို့အပြင် အမှတ်(၃)လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီးတို့ ဆက်သွယ်သော ရွှေနံ့သာ ငွေနံ့သာလမ်း ၃ဒသမ ၂ မိုင်ကို မြေသားလမ်း အဆင့်ဖောက်လုပ်ပြီးဖြစ်ပါကြောင်း၊ လမ်းပေါ်ရှိ တံတားသုံးခုကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ရွှေနံ့သာ ငွေနံ့သာလမ်းကို ပွင့်လင်းရာသီတွင် အကျယ် ၂၂ပေ၊ ထု ၈လက်မ သံကူကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်သွားမှာဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသည့် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကိုတွေ့ရစဉ်။

(သတင်းစဉ်)

ဩဂုတ် ၂၂ရက်က ဖွင့်လှစ်ပေးလိုက်သည့် မင်္ဂလာဒုံမြို့နယ် အမှတ်(၃၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ **(သတင်းစဉ်)**

ယခုဆောက်လုပ်ပေးသည့် အမှတ် (၃)အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ် (၃၈)အခြေခံပညာမူလတန်းကျောင်းတို့နှင့် ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းတို့ကို ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြပါရန်နှင့် ယခုကျောင်းများကို ဆောက်လုပ်ပေးသော ဇေကမ္ဘာကုမ္ပဏီနှင့် ချမ်းဆောက်လုပ်ရေးတို့ကို လည်းကောင်း၊ အလှူရှင်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ကျောင်းမြေနေရာများ၊ ကျောင်းအဆောက်အအုံများနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် အမှတ်(၃၈)အခြေခံပညာမူလတန်းကျောင်းအတွက် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)က ဆရာ ဆရာမများအား ၁၀နှစ်စာ ထောက်ပံ့ငွေကျပ် ၂၄သိန်း၊ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ တယ်လီဖုန်းတစ်လုံး၊ ဦးရန်ဝင်း (A-1 အထည်ချုပ်စက်ရုံ)၊ ဦးရွှေကြိုင်(ဝါဝါဝင်းကုမ္ပဏီ)နှင့် ဦးမောင်ဝိတ်(မောင်ဝိတ်မိသားစုကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးစိန်သစ်(တော့စတားဆောက်လုပ်ရေး)၊ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)နှင့် ဦးကျော်နိုင်ဦး[နိုင်ဂရု(ပ်)ဆောက်လုပ်ရေး]တို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်စန်း(စန်းပွင့်ဖြူလိုက်ကာလုပ်ငန်း)က ငွေကျပ်နှစ်သိန်းတန် လိုက်ကာများ၊ ဒေါ်အေးအေးမူ(ပါရမီ ဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်းနှင့် ဦးတင်မြင့်(Mother Land)က ငွေကျပ် ၁၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

ဆက်လက်၍ ရန်ကုန်စက်မှုဇုန် မူလတန်းကြိုကျောင်းအတွက် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)က ဆရာ ဆရာမများအား ၁၀နှစ်တာထောက်ပံ့ငွေကျပ် ၁၂သိန်း၊ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ တယ်လီဖုန်းတစ်လုံး၊ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ ZECC)က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ရုပ်မြင်သံကြားစက်တစ်လုံး၊ ဗီဒီယိုပြစက်တစ်လုံး၊ ရေခဲသေတ္တာတစ်လုံး၊ ရွှေပေါက်ကံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် ဦးကျော်ဝင်း(ရွှေသံလွင်)က ငွေကျပ်ငါးသိန်းစီ၊ ဦးမောင်မောင်(ရွှေကမ္ဘာ)နှင့် ဦးမောင်မောင်(Asia Express)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးကိုကိုထွေး(တော်ဝင် ဆောက်လုပ်ရေး)က ငွေကျပ်နှစ်သိန်းနှင့် ဒေါ်အေးအေးမူ(ပါရမီဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က လက်ခံသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် ဦးကျော်နိုင်ဦး (Naing Group ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးချမ်းအေး(ချမ်းဆောက်လုပ်ရေး)၊ ဦးပြေအောင် (ပြေအောင်ဆောက်လုပ်ရေး)၊

စာမျက်နှာ ၁၁ ကော်လံ ၁

ခရီးသွားဧည့်သည်

လွန်ခဲ့သည့် နွေရာသီတစ်နေ့က ငွေဆောင်ကမ်းခြေသို့ ဟိုတယ်စီမံကိန်းကိစ္စဖြင့် ရောက်ဖြစ်သည်။ အပြန် ဇက်ဆိပ်တွင် ဌာနမှကားတစ်စီး တွေ့သဖြင့် သွားရောက်နှုတ်ဆက်မေးမြန်းရာ ကားပေါ်တွင် ပါလာသည့် ခရီးသွား တစ်ယောက်က...

"အန်ကယ် – ကျွန်တော်တို့က တောင်ကြီးတက္ကသိုလ်ကပါ။ ငွေဆောင်ကမ်းခြေကို လာလည်တာပါ။ မနှစ်ကလဲ မန္တလေးဘက် သွားဖြစ်ကြတယ်။ သွားတိုင်း အန်ကယ်တို့ မြန်မာ့ခရီးသွားလုပ်ငန်းက ကားကြီးနဲ့ပဲ သွားပါတယ်"ဟု မိတ်ဆက်ရင်း ခရီးစဉ်အကြောင်း ပြောပြသည်။ သူတို့အဖွဲ့ကို ကြည့်ပြီး လူငယ်လူရွယ်တွေမှန်း သတိပြုမိလိုက်သည်။ ယောကျ်ားလေး နှစ်ဆယ်လောက်နှင့် မိန်းကလေး ၁၀ ယောက်ခန့်ရှိမည်။ ကျွန်တော်က...

"ကျောင်းအားရက်မှာ ခရီးထွက်တာ ကောင်းပါတယ်။ ဒေသန္တရ ဗဟုသုတလဲ ရတယ်။ ပင်လယ်ကမ်းခြေမှာ အပန်းလဲ ဖြေနိုင်တယ်။ ဒေသက လူတွေနဲ့ အတွေ့အကြုံလဲ ဖလှယ်လို့ရတယ်။ အဖွဲ့နဲ့သွားတာဆိုတော့ အဖွဲ့အစည်းရဲ့ စရိုက်လက္ခဏာကိုလဲ သိလာတာပေါ့"ဟု အားပေးလိုက်သည်။

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်တို့အချင်းချင်း ပိုပြီးနားလည်လာတယ်။ အဖွဲ့ရဲ့စိတ်ဓာတ်လေးတွေလဲ ထားတတ်လာတယ်။ ဒါနဲ့ အန်ကယ်က ရန်ကုန်မှာပဲလား"

"လူငယ်တစ်ဦးက သိချင်စိတ်ဖြင့်မေးသည်။ ကျွန်တော်က...

"ဟုတ်ပါတယ်၊ ရန်ကုန်ရုံးချုပ်ကပါ။ ငွေဆောင်ကို ဟိုတယ်စီမံကိန်းကိစ္စနဲ့ ခဏလာတာပါ။ မြန်မာ့ခရီးသွားလုပ်ငန်း ရုံးခွဲတွေ မန္တလေး၊ ပုဂံ၊ တောင်ကြီးနဲ့ နယ်စပ်မြို့များမှာ ရှိပါတယ်။ အဓိကကတော့ ပြည်တွင်း၊ ပြည်ပ ခရီးသည်တွေအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ ပေးဖို့နဲ့ ကူညီဖို့ပါပဲ"ဟု ကျွန်တော်က ရှင်းပြသည်။ လူငယ်က သူသိချင်တာလေးတွေ ဆက်မေးမြန်းသည်။

"ကျွန်တော်တို့ အင်းလေးဘက်မှာလဲ အဆင့်မီတဲ့ ဟိုတယ်တွေ အတော်ရှိလာပြီအန်ကယ်"

"ဟုတ်ပါတယ်၊ ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ ပင်းတယနဲ့ အောင်ပန်းမှာ လုပ်ငန်းလိုင်စင်နဲ့ ဟိုတယ်၊ မိုတယ် စုစုပေါင်း၇၅လုံး၊ အခန်းအားဖြင့် ၁၆၂၆ခန်းရှိပါတယ်။ အားလုံး ပြည်တွင်း၊ပြည်ပ ဧည့်သည်တွေ တည်းခိုနိုင်ကြပါတယ်"ဟု အလိုက်သင့်ပြန်ဖြေလိုက်သည်။ ထိုစဉ် ဝေန်မြစ်ကို ဖြတ်ကူးလာသော ဇက်ရေယာဉ်သည် ကမ်းထိုးရန် ပြင်ဆင်နေပြီ ဖြစ်သဖြင့်...

"ဟော– ပြောနေရင်း ဇက်တောင်ကပ်နေပြီ၊ ကဲ...သွားဦးမယ်၊ လမ်းမှာ ဂရုစိုက်သွားကြနော်"ဟု မှာကြားကာ နှုတ်ဆက်ထွက်ခွာလာခဲ့လေသည်။

မြန်မာနိုင်ငံတွင် သဘာဝက ပေးအပ်ထားသော သာယာလှပသည့် ဆွဲဆောင်မှုများ အပြည့်ရှိသည်။ လူတို့ ဖန်တီးထားခဲ့သော သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်သည်။ ဘယ်နေရာ၊ ဘယ်အရပ်၊ ဘယ်ဒေသသွားသွား ထူးခြားသည့် အရသာများကို ကြည်နူးဖွယ် ခံစားနိုင်သည်။ ဤဒေသများသို့ အဆင်ပြေလွယ်ကူစွာ သွားရောက်နိုင်သည့် ခရီးစဉ်လမ်းကြောင်း များလည်း ရှိသည်။ ယာဉ်၊ ရထားများလည်း စီစဉ်နိုင်သည်။ နေရာထိုင်ခင်းလည်း ပြည့်စုံသည်။

လမ်းတွင် ပြည်တွင်းခရီးသွားလာမှုအကြောင်း စဉ်းစားမိသည်။ မြန်မာနိုင်ငံတွင် ပွင့်လင်းရာသီ၌ နေရာအနှံ့ ခရီးသွားလာသူများ ရှိကြသည်။ မြေပြန့်ကလူက တောင်ပေါ်တက်သည်။ တောင်ပေါ်ကလူက မြေပြန့်ဆင်းသည်။ ဘုရားဖူးခရီးစဉ်၊ ပင်လယ်ကမ်းခြေခရီးစဉ်၊ တောင်ပေါ်အပန်းဖြေခရီးစဉ်၊ ဒေသန္တရဗဟုသုတခရီးစဉ် စသည်ဖြင့် အမျိုးမျိုး သွားလာကြသည်။

နွေရာသီကျောင်းပိတ်ရက်ရှည်ဆိုလျှင် ငပလီ၊ ချောင်းသာ၊ ငွေဆောင်တို့တွင် အခန်းများ ပြည့်နေတတ်သည်။ ချောင်းသာရွာထဲတွင် ဒေသခံလူထုနှင့် ပူးပေါင်းနေသူများလည်းရှိသည်။ အခန်းမရသည့်အဆုံး တချို့က ကိုယ့်ကားထဲ ကိုယ်အိပ်ပြီး နေတတ်ကြသည်။

ခရီးသွားသည့်အခါ ပြည်သူလူထုသည် အဆင့်အတန်းမြင့်မြင့် နေထိုင်သွားလာတတ်ကြသည်။ ကားငှားသည့်အခါ လေအေးစက်ပါရဲ့လား စ,မေးသည်။ တည်းခိုမည့်အခါ အိမ်သာတွဲရက်လား၊ တီဗွီ၊ ရေခဲသေတ္တာ ပါတယ်နော်၊ အဲကွန်းရှိရဲ့လား မေးခွန်းတွေက စုံလှသည်။ သူတို့ပေးရသည့် ငွေနှင့် ရရှိမည့်ဝန်ဆောင်မှု တန်မတန် စိစစ်လာကြသည်။ ခရီးသွားစကားနှင့်ပြောရလျှင် 'Value for Money' ကို သူတို့အလိုလိုသဘောပေါက်ကြသည်။ ဝန်ဆောင်မှု ပြုသူတို့ကသာ ဤသဘောကို နားလည်ပြီး ဝန်ဆောင်မှု ပြုရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် သဘာဝက ပေးအပ်ထားသော သာယာလှပသည့် ဆွဲဆောင်မှုများ အပြည့်ရှိသည်။ လူတို့ဖန်တီးထားခဲ့သော သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်သည်။ ဘယ်နေရာ၊ ဘယ်အရပ်၊ ဘယ်ဒေသ သွားသွား ထူးခြားသည့် အရသာများကို ကြည်နူးဖွယ် ခံစားနိုင်သည်။ ဤဒေသများသို့ အဆင်ပြေလွယ်ကူစွာ သွားရောက်နိုင်သည့် ခရီးစဉ်လမ်းကြောင်းများလည်း ရှိသည်။ ယာဉ်၊ ရထားများလည်း စီစဉ်နိုင်သည်။ နေရာထိုင်ခင်းလည်း ပြည့်စုံသည်။ ဤနေရာတွင် အချိန်ကိုလည်း စဉ်းစားတွက်ချက်ရသည်။ မိမိအားလပ်သည့်အချိန်၊ မိသားစုအားလုံး အဆင်ပြေမည့်အချိန်၊ တပည့်တပန်းများ၊ မိတ်ဆွေအပေါင်းအသင်းများက ပေးနိုင်သောအချိန်တွင် သွားရန်သာဖြစ်သည်။

အချို့က အားလပ်သည့် ရုံးပိတ်ရက်နှင့် အခါကြီးရက်ကြီးပိတ်ရက်များ ဆုံသည့်အခါ ရက်ရှည်တွင် နေရာများများရောက်အောင် သွားချင်သည်။ အချို့က ရက်တိုတိုတွင် အနီးအနားဒေသများသို့ သွားရောက်လည်ပတ်ချင်သည်။ အချို့က ရက်ရှည်ပိတ်ရက်များတွင် ခရီးစဉ်အများအပြားကို လေ့လာရေး အဖြစ် သွားချင်သည်။ အချို့က ကမ်းခြေမှာ ငြိမ်းအေးစွာ အပန်းဖြေနေချင်သည်။ အချို့က အင်းလေးမှာ နားနေချင်သည်။ အချို့က ပုပ္ပားတောင်ရိပ်မှာ အေးရိပ်ခိုချင်သည်။ လူအမျိုးမျိုး၊ ဆန္ဒအစုံအလင်ရှိကြရာ ကွဲပြားခြားနားသော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရပေမည်။

ငွေးအောင် (ခရီးသွား)

ပြည်ပခရီးသည်များတွင် အဆင့်အတန်းအမျိုးမျိုးရှိသကဲ့သို့ ပြည်တွင်းခရီးသည်များကိုလည်း အမျိုးအစားခွဲနိုင်သည်။ အချို့က ပထမတန်းစား သွားမည်။ ကိုယ်ပိုင်ကားများဖြင့်လည်မည်။ လိုအပ်လျှင် လေယာဉ်စင်းလုံးငှားသွားမည်။ ပြီးခဲ့သည့် သင်္ကြန်တွင်းက ကျွန်တော် စစ်တွေ၊ မြောက်ဦးတွင် ရှိနေသည်။ လုပ်ငန်းတစ်ခုက မိသားစုဝန်ထမ်းများ စစ်တွေကို စင်းလုံးငှားလေယာဉ်ဖြင့်လာပြီး မြောက်ဦးသို့ကားဖြင့် လာရောက်ဘုရားဖူးသည်။ ထိုအဖွဲ့သည် ငပလီတွင်နားပြီး ရန်ကုန်သို့ လေယာဉ်ဖြင့်ပင် ပြန်သွားကြသည်။ စစ်တွေ၊မြောက်ဦးနှင့် ငပလီတို့တွင် ဟိုတယ်များ၌သာ တည်းခိုကြသည်။

ဤမျှအဆင့်မြင့်သည့် ပြည်တွင်းခရီးသည်အဖွဲ့များ မြန်မာနိုင်ငံတွင် အများအပြားရှိ၏။ အချို့က ပုံမှန်လေယာဉ်ဖြင့် လာသည်။ သို့သော် ဟိုတယ်တွင် တည်းခိုစားသောက်ကြသည်။ ကမ်းခြေတွင် ပျော်သလောက်နေကြသည်။ တချို့ကတော့ ကိုယ်ပိုင်ကားကြီး၊ ကားငယ်များဖြင့် လာကြပြီး ဟိုတယ်တွင် နေထိုင်စားသောက်ကြသည်။ တချို့ကျတော့ ကားကြီး၊ ကားလတ်များဖြင့် အဖွဲ့လိုက် ငှားလာကြသည်။ ဤအုပ်စုတွင် အလတ်စားဟိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုကြသည်။ အချို့က ဘန်ဂလိုငယ်များတွင် နေထိုင်ကြသည်။

အသင်းအဖွဲ့များအနေဖြင့် ဒေသန္တရ ဗဟုသုတရှာဖွေရေးနှင့် လေ့လာရေး ခရီးစဉ်များလာရောက်ရာတွင် အကုန်အကျချွေတာသည့်အနေဖြင့် စုပေါင်းတည်းခိုနေထိုင်တတ်ကြသည်။ အများစုသည် စာသင်ကျောင်းများ၊ စခန်းများကို အသုံးပြုကြသည်။ မော်တော်ယာဉ်များတွင် စာတန်းများချိတ်ဆွဲလျက် သွားလာကြသည်။

မြန်မာနိုင်ငံသည် သဘာဝအလှအပများစုံညီသည့် အရပ်ဒေသဖြစ်ရာ မြေပြန့်သားတို့သည် တောင်ပေါ်အရပ်ဒေသကို သွားရောက်လေ့လာခံစားချင်ကြသည်။ ညို့မှိုင်းသော တောင်တန်းများ၊ ချယ်ရီ၊ တောင်ဇလပ်၊ သစ်ခွ စသည့် ပန်းအလှများ၊ ချမ်းအေးသည့်အရသာများ၊ တောင်ပေါ်တိုင်းရင်းသားများကို စိတ်ဝင်စားကြသည်။ ဤသို့ဖြင့် မိမိသွားလိုသည့် အရပ်ဒေသကို မိမိတတ်နိုင်သည့် ငွေအင်အားဖြင့် ခရီးစဉ်ရေးဆွဲသွားလာနေခြင်းဖြစ်သည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလတွင် အင်းလေးတွင် လူစုံသည်။ ဧည့်သည်များဖြင့် အင်းလေးတစ်ခွင် ပြည့်နေတတ်သည်။ ချမ်းအေးသည့် တောင်ကြီးဆောင်းကာလတွင် မီးပုံးပျံပွဲကို တိုးဝှေ့ကြည့်ရှုကြသည်။ ဤအခါ သမယ၌ တောင်ကြီး၊ ညောင်ရွှေ၊ အင်းလေးရှိ ဟိုတယ်များတွင် ပြည်တွင်းဧည့်သည်များဖြင့် ပြည့်လျက်ရှိသည်။ အချို့က ကလော၊ အောင်ပန်း၊ ပင်းတယတို့ဘက်တွင် အေးချမ်းစွာ အနားယူအပန်းဖြေနေတတ်ကြသည်။

တောင်ကြီး၊ အင်းလေးဘက်၌ ပွဲတော်များကျင်းပနေချိန်တွင် အချို့က ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်းဘက် အလည်အပတ်သွားတတ်ကြသည်။ ဂုတ်ထိပ်တံတားကြီးကို နောက်ခံပြု၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ရုပ်ရှင်မင်းသားဝင်းဦး၏ ကျောက်မဲအကျဉ်းသားဇာတ်ကားထဲက လမ်းကျော်မီးရထားတံတားကို အလွမ်းပြေ သွားကြည့်ကြသည်။ မူဆယ်ရောက်လျှင် ရွှေလီကိုဖြတ်ပြီး ဈေးဝယ်သွားကြသည်။ ဤနေရာဒေသများတွင်လည်း ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများရှိသည်။ အေးချမ်းသည့် အရပ်ဒေသများတွင် လေအေးစက်ထက် လေနွေးစက်က အရေးကြီးသည်။ ညဘက်အအေးလွန်ကဲသည့်အချိန်တွင် လေနွေးစက်ကလေးနှင့် ဂွမ်းစောင်ခြုံထားလျှင် အိပ်၍အလွန်ကောင်းသည်။ ရေပူရေနွေးနှင့် ရေချိုးရလျှင် အညောင်းအညာလည်း ပြေသည်။ ထို့အတွက် တောင်ပေါ်ဒေသရှိ ဟိုတယ်၊ မိုတယ်များသည် ဧည့်သည်၏ လိုအပ်ချက်ကို အခြေခံ၍ ဝန်ဆောင်မှုပြုကြသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)နှံ့စပ်သူများက နယ်မြေသစ်အဖြစ် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်ဘက်သို့ ခြေဆန့်ကြသည်။ ပူတာအိုက ခရီးထောက်သဖြင့် အရောက်အပေါက် နည်းသေးသည်။ တစ်ချိန်တွင် ပူတာအိုသည်လည်း ပြည်တွင်းခရီးသွားဧည့်သည်တို့အတွက် အပန်းဖြေအနားယူရန် နေရာဒေသတစ်ခု ဖြစ်လာပေမည်။

မြစ်ကြီးနား၊ ဗန်းမော်သို့ သွားမည်ဆိုလျှင် အချိန်ရပါက မန္တလေး– ငအိုးလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် သွားသင့်သည်။ လမ်းကောင်းသည်။ တောတောင်သဘာဝအလှအပမှာ ရှုမငြီးဖွယ်ဖြစ်သည်။ ဧရာဝတီမြစ်၏ တတိယနှင့် ဒုတိယ မြစ်ကျဉ်းတို့ကို ဖြတ်ကျော်သွားရမည်။ ဗန်းမော်ရောက်ပြီး ဒေသခံ စက်လှေများဖြင့် မြစ်ကြီးနားသို့ဆန်တက်လျှင် ဧရာဝတီမြစ်၏အလှကို တမေ့တမော ခံစားကြရမည်။ ပထမမြစ်ကျဉ်း၏ အလှမှာ သာမောဖွယ်ကောင်းသည်။ ဆင်ဘို၊ တာလောကြီးတို့ရှိ ဒေသခံတိုင်းရင်းသားတို့၏ ဖော်ရွေမှုကို ခံစားရမည်။ မြစ်ကြီးနားရောက်လျှင် မြစ်ဆုံသို့ မဖြစ်မနေ ရောက်အောင်သွားသင့်သည်။ မေခနှင့် မလိခပေါင်းဆုံရာ အရပ်သည် သီချင်းထဲကအတိုင်း လှပသည်။ ကြည်နူးဖွယ်လည်း ဖြစ်သည်။ ကချင်တိုင်းရင်းသားတို့၏ ဓလေ့စရိုက်ကို လေ့လာခွင့်ရမည်။

မြစ်ကြီးနားရောက်၍ အခြေအနေပေးလျှင် ပူတာအိုသို့ သွားကြည့်သင့်သည်။ ရာသီဥတုသာယာသည့်အခါ လေယာဉ်ပေါ်ကပင် ရေခဲဖုံးလွှမ်းသော တောင်တန်းများကို မြင်တွေ့ရသည်။ အရှေ့တောင်အာရှတွင် ရေခဲဖုံးလွှမ်းသော တောင်တန်းများရှိသည့် နိုင်ငံသည် ဒို့မြန်မာနိုင်ငံပေ့ါလို့ ဟစ်ကြွေးဂုဏ်ယူနိုင်သည်။ ပူတာအိုသည် တောင်ပေါ်မြို့ကလေးဖြစ်ပြီး ချမ်းအေးသည်။ မူလာရှီးဒီးကြိုးတံတား၊ ဂူဘားရိပ်သာတို့သည် သမိုင်းဝင်နေရာများဖြစ်သည်။ ဤအရပ်ဒေသတွင် ဟိုတယ်လုပ်ငန်းစတင်ဖွံ့ဖြိုးစပြုလာသည်။ မေခနှင့် မလိခ တစ်လျှောက်တွင် ဖောင်စီးရန်ကောင်းသော နေရာအမြောက်အမြားရှိသဖြင့် ပြည်ပမှ စွန့်စားခြင်းကိုနှစ်သက်သူများ လာမည့်ပွင့်လင်းရာသီမှ စတင်လာရောက်တော့မည်။ ပူတာအိုမှဆက်လျှင် ခရီးကြမ်းမည်။ သို့သော် သဘာဝ၏ နက်နဲသော အလှအပများကို ရှုမြင်ခံစားရမည်။ ခါကာဘိုရာဇီ တောင်ခြေအထိ အသွား ၁၄ရက် ခြေကျင်ခရီးရှိသည်။ ဤခရီးကို သွားဖူး၊လေ့လာဖူးသူများရှိ၏။ ရေခဲတောင်တွေကြားကငါးသည့် သာမန်ငါးများထက် စားကောင်းကြောင်း ဒေသခံများက ကြွားကြသည်။ ဂရိတ်ဖရု(တ်)အသီးကတော့ ပျားရည်နှင့် သောက်လျှင် ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဖြစ်သည်။

မြစ်ကြီးနားခရီးစဉ်တွင် လေယာဉ်ဖြင့် မြစ်ကြီးနားသို့ရောက်ရှိပြီး အပြန်တွင် ဗန်းမော်မှမန္တလေးသို့ သင်္ဘောကြီးဖြင့်လည်း ဆင်းလာနိုင်သည်။ ဧရာဝတီသည် တငြိမ့်ငြိမ့်စီးဆင်းလျက်ရှိရာ မြစ်ကြောင်းတစ်လျှောက် သဘာဝအလှအပနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လူမှုဘဝကို လေ့လာနိုင်သည်။

၂၀၀၃ခုနှစ် နှစ်ဆန်းပိုင်းက နိုင်ငံတော်ဧည့်သည်တစ်ဖွဲ့သည် ပူတာအိုကို လေ့လာပြီး ငပလီ၊မြောက်ဦးဒေသများသို့ သွားရောက်ခဲ့သည်။ ခရီးစဉ်က ခြေဆန့်ကြည့်လျှင် မြောက်စွန်းမှ အနောက်ဘက်ကမ်းခြေအထိ တစ်နံတစ်လျား ဖြစ်သည်။ အချို့ ဧည့်သည်အဖွဲ့သည် မြိတ်ကျွန်းစုအတွင်း အချိန်ယူ လေ့လာချင်ကြသည်။ ပင်လယ်ပြင်၏အလှ၊ အဏ္ဏဝါ၏ သဘာဝကို တမေ့တမော ကြည့်ရှုခံစားလိုကြသည်။ မြိတ်ကျွန်းစုသည် အခြားနိုင်ငံများ၏ နာမည်ကျော်ကျွန်းများထက် သာယာပြီး သဘာဝအလှအပများ ပကတိအတိုင်း တည်ရှိနေသေးသည့်အတွက် လာရောက်လည်ပတ်သူတို့အဖို့ နှစ်ခြိုက်စရာ ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရသည် ဤဒေသအတွင်း ငမန်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် စည်းမျဉ်းများ ထုတ်ပြန်သည့်အခါ ပင်လယ်ကို နှစ်ခြိုက်သူများက ဝိုင်းဝန်းထောမနာပြုကြသည်။ အားပေးကြသည်။ လက်ကမ်းကြိုဆိုကြသည်။

အလျဉ်းသင့်၍ ရေငုပ်ဝါသနာပါသူ ရွက်လှေလုပ်ငန်းရှင် တစ်ဦးက ကျွန်တော့်ထံပေးပို့သော အီးမေးလ်ကို သူ၏အာဘော်အတိုင်း ဖော်ပြရမည်ဆိုလျှင်–

" The action of banning shark fishing from Ross to Lampi took great willingness. It's a very good thing you have done, not only for tourism, but for the shark population worldwide and within our region. You should be commended for taking such strong action. To the best of my knowledge, you are one of the first countries in the world to take such a strong stance on shark protection. Congratulations."

မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ တောင်ဘက်ဖျားတွင် ရှိသော်လည်း လေယာဉ်ဖြင့် ရန်ကုန်ကသွားလျှင် တစ်နာရီ၁၅မိနစ်အတွင်း ရောက်နိုင်သည်။ ခရီးသွားဧည့်သည်များ အန်ဒမန်၏အလှကို ခံစားလိုလျှင် သွားရောက်သင့်သော ဒေသတစ်ခုဖြစ်သည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့်စီစဉ်သော သင်္ဘောခရီးစဉ်များသည်လည်း စိတ်ဝင်စားဖွယ် အတိရှိသည်။ ပျော်စရာကောင်းသည်။

ကျွန်တော့်အတွေးသည် မြန်မာပြည်အနှံ့ လွင့်မျောနေစဉ် ကျွန်တော့်ယာဉ်မောင်းက "ဆရာ ဘယ်သွားမလဲ"မေးလိုက်မှ ဘုရင့်နောင်တံတားကြီး၏ ချဉ်းကပ်လမ်းပေါ် ရောက်နေမှန်း သတိပြုမိသည်။

"အချိန်ရသေးတာပဲကွာ၊ ရုံးကိုမောင်းပါလား"

ကျွန်တော်သည် ရုံးရောက်လျှင် လုပ်ငန်းရှင်များနှင့် တိုင်ပင်ကာ လာမည့်ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသည်များအတွက် စိတ်ဝင်စားဖွယ် ခရီးစဉ်များ ရေးဆွဲစီစဉ်ရန် ကြိုတင်စိတ်ကူး နေမိပါတော့သည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်စက်မှုဇုန်ရှိ Asian Garment အထည်ချုပ်စက်ရုံတွင် အမျိုးသားဝတ်အထည်များ ထုတ်လုပ်မှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဦးကျော်ဝင်း(အာသာဝတီဆောက်လုပ်ရေး)၊ ဒေါ်အေးအေးမူ (ပါရမီဆောက်လုပ်ရေး)၊ ဦးကျော်ဆန်းမြင့်(Collected Triangle ဆောက်လုပ်ရေး)၊ ဦးတင်သိန်း (အေးရိပ်ငြိမ်ဆောက်လုပ်ရေး)၊ ဦးမောင်ငွေ (ငွေဝင်းအောင်ဆောက်လုပ်ရေး)၊ ဦးအေးမြင့်(စင်းမာဆောက်လုပ်ရေး)၊ ဦးသန်းမြင့် (အေးရိပ်မွန်ဆောက်လုပ်ရေး)၊ ဦးစိုးဝင်းဦးတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးစောလွင်နှင့် ဦးချို(ရွှေ မိသားစု)တို့က ငွေကျပ်တစ်သိန်းစီနှင့် ဦးတင်မြင့်(Mother Land)က ငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က လက်ခံသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးများကိုယ်စား မင်္ဂလာဒုံမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူတင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဝမ်းမြောက်ဂုဏ်ယူ

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၏ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယနေ့ သစ်လွင်ခံ့ညားသည့် အခြေခံပညာကျောင်းများနှင့် မူလတန်းကြိုကျောင်းကို အရည်အသွေးမီမီ တည်ဆောက်ပြီး သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ စုံစုံညီညီတက်ရောက်ချီးမြှင့်ကြသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

ယနေ့အချိန်အခါတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများစုပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ဤကဲ့သို့သော အချိန်အခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရင်း ပြည်သူများ၏ ပညာရေး၊ကျန်းမာရေး၊လူမှုရေးဆိုင်ရာ အခြေခံ အဆောက်အအုံများပါ တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း။

လှူဒါန်းနိုင်ရန်စီစဉ်ပေး

ယနေ့တွင်လည်း ရန်ကုန်မြို့တော်၏ဝင်ပေါက်ဖြစ်သည့် မင်္ဂလာဒုံဒေသ ဖွံ့ဖြိုးရေးနှင့် သာယာလှပရေးလုပ်ငန်းများ အဆင့်မြှင့်ဆောင်ရွက်ရင်း ပညာရေးကဏ္ဍအတွက် ခံ့ညားသော အဆောက်အအုံများတည်ဆောက်ပေးခြင်း၊ ကျောင်းရှိ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို အလှူရှင်များက လှူဒါန်းနိုင်ရန် စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အမြဲတမ်းသင်ယူလေ့လာနေသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်လျက်ရှိကြောင်း။

အခြေခံပညာမူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာသင်ယူနိုင်သည့် တက္ကသိုလ်များ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးပြီး ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများကို လွယ်ကူချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးအတွက် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခဲ့မှုကြောင့် စတုတ္ထနှစ်မြောက်ဖြစ်သည့် ယခုနှစ်တွင် ကျောင်းနေနှုန်း ၉၆ဒသမ၅၆ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးအတွက် စေတနာရှင်ပြည်သူများ၏ ကူညီမှုမှာ ယခုနှစ်တွင် ကျပ်သန်း ၈၀၀ ကျော် ပါဝင်ကူညီကြသည်ကို တွေ့ရှိရကြောင်း၊ ယနေ့နိုင်ငံတော်၌ စာတတ်မြောက်သူရာခိုင်နှုန်းသည် ၉၃ ဒသမ ၃ ရာခိုင်နှုန်းရှိနေကြောင်း၊စာတတ်မြောက်မှုနှုန်းမှာ အာရှတွင် ထိပ်တန်းက ပါဝင်လျက်ရှိကြောင်း၊ ဤသည်မှာ တစ်မျိုးသားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ပညာရေးကဏ္ဍအနေဖြင့် တောင်ပေါ်မြေပြန့်၊ ကျေးလက်နှင့် မြို့ပြဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံသက်ရောက်နေခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းနိုင်ရေးအတွက် ဦးဆောင်မှုပေးခဲ့သည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အလှူရှင်များအား ပညာရေးဝန်ကြီးဌာန၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃၈) အခြေခံပညာမူလတန်းကျောင်း စာသင်ခန်းများနှင့် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြသရှင်းလင်း

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်စက်မှုဇုန်ရှိ Asian Garment အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြရာ မန်နေဂျာဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အထည်ချုပ်စက်ရုံမှထုတ်လုပ်သော အမျိုးသားဝတ် အထည်များကို ကြည့်ရှုကြပြီး နံနက်ပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ၏ (၆၁)နှစ်ပြည့်မွေးနေ့ ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးတိုင်း(အနောက်) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော ပဲခူးတိုင်းသံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ၏ သက်တော်(၆၁)နှစ်ပြည့် ဝိဇာတမင်္ဂလာအခမ်းအနားကို ဩဂုတ်၃၀ ရက်(ဝါခေါင်လပြည့်)တနင်္လာနေ့တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ နံနက် ၅ နာရီခွဲတွင် ပင့်သံဃာ ၁၀၈ ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း၍ သက်တော်ရှည်ဆရာတော်ကြီးငါးပါးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့မည်ဖြစ်သည်။

ယင်းနောက် သိမ်ဝင်ခြင်းနှင့် သိမ်ထွက်ခြင်း မင်္ဂလာများပြုလုပ်ပြီး နံနက် ၈ နာရီခွဲတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏ တပည့် ဒါယကာ ဒါယိကာမများ ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၄ ရက်က လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုနှင်းသဘင်အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးမြင့်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသော မသန့်စုလှိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အငယ်တန်းစနူကာပြိုင်ပွဲ ခွန်ဇော်ထွေးပိုလ်စွဲ အကြီးတန်းပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီတို့ ပူးပေါင်း ကျင်းပသည့် Rave Myanmar Snooker (Senior & Junior) Championship 2004 ပြိုင်ပွဲ အငယ်တန်းဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ ၅ နာရီက ၃၈ လမ်းရှိ အာရှပလာဇာတွင် ကျင်းပရာ ငါးပွဲယှဉ်ပြိုင်အပြီး ခွန်ဇော်ထွေးက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆု ကျပ်လေးသိန်းကို ဆွတ်ခူးရရှိသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အငယ်တန်း စနူကာ အထူးဆု ၁၃ဆုကို အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့် (ဒိုင်ချုပ်)၊ ညွှန်ကြားရေးမှူး ဦးသန်းဇော်(အား/ကာ)၊ အမှုဆောင် ဒေါက်တာမောင်မောင်ဦးနှင့် စိန်ဝတ်မှုံကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းအောင်တို့က အလှည့်ကျ ပေးအပ်ချီးမြှင့်သည်။

တစ်ဦးချင်း အငယ်တန်းစနူကာ တတိယဆုရ ကျော်မိုး(ရှမ်းပြည်နယ်)အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏက ပေးအပ်ချီးမြှင့်သည်။

ဒုတိယဆုရ သန်းဌေး (မွန်ပြည်နယ်)အား အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပေးအပ်သည်။

ပထမဆုရ ခွန်ဇော်ထွေး (ရှမ်းပြည်နယ်)အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်သည်။

မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော စနူကာ အကြီးတန်းပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် ဖန်တစီဝေါလ် (သိမ်ကြီးဈေး)တွင်စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အငယ်တန်းစနူကာပြိုင်ပွဲတွင် ဝဲမှယာ ပထမ ခွန်ဇော်ထွေး(ရှမ်းပြည်နယ်)၊ ဒုတိယသန်းဌေး(မွန်ပြည်နယ်)နှင့် တတိယ ကျော်မိုး(ရှမ်းပြည်နယ်)တို့အား ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာမည်

ရန်ကုန် ဩဂုတ် ၂၂

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်ထူထပ်ခဲ့ပြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၂၃ ရက်ညနေအထိ ခန့်မှန်းချက်အရ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

စာမျက်နှာ ၇ မှ

မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ၊ သုစိတ္တာရုံပရိယတ္တိစာသင်တိုက် ပဓာန နာယက နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဇာဂရ၊ သာသနာ့ပါရဂူ ပရိယတ္တိ စာသင်တိုက်နှင့် ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်များမှ ပဓာန နာယကနှင့် နာယကဆရာတော်များ၊ ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

အစီအစဉ်အရ ကမာရွတ်မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး (ကြည်း၊ ရေ၊ လေ)တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါတို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီးအောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှဒုတိယဗိုလ်မှူးကြီးသန်းလှိုင်တို့က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား ဆွမ်းဆန်တော် ဆီနှင့်ပဲများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ လှူဒါန်းသော ဆွမ်းဆန်တော်၊ အိုင်အိုဒင်းဆား၊ သွားတိုက်ဆားနှင့် တိုင်းရင်းဆေးများကို ဆရာတော်ကြီးထံ လှူဒါန်းကြသည်။

ထို့နောက် အိုကေဆန်ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးငြိမ်းမိသားစု၊ ရန်ကုန်တိုင်းငါးလုပ်ငန်း၊ စန္ဒီပရဆေးမိသားစု၊ အထက(၁)ကမာရွတ်၊ ဗိတိုးရီးယားမိသားစုတို့က လှူဒါန်းသော ဆွမ်းဆန်တော် ၂၆ အိတ်၊ ကမာရွတ်မြို့နယ်မှ စေတနာရှင်ပြည်သူများက တိုင်းရင်းဆေး ၁၀၆၆ ဘူး၊ မှန်ချိုတိုင်းရင်းဆေး၊ ထွန်းရွှေဝါတိုင်းရင်းဆေး၊ ကေသီပန်တိုင်းရင်းဆေး၊ ဂဠုန်ရာဇာတိုင်းရင်းဆေး၊ နွေသီတာ စားတော်ဆက်၊ ဆန်ကုန်သည်များအသင်း(ကမာရွတ်မြို့နယ်)တို့မှ လှူဒါန်းသော တိုင်းရင်းဆေးများနှင့် ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများကငွေကျပ် ၃၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၉၀၀၀၊ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၃၅၀၀၀၀၊ မြန်မာပြည်သားဟော့ ကုမ္ပဏီမှ ဦးတင်ဝင်းမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဘီတီဘီကုမ္ပဏီမှ သီဟသုဓမ္မဇောတိကဓဇ ဦးသိုင်းဝင်း– သီရိသုဓမ္မမဏိဇောတဓရ ဒေါ်ဌေးဌေးညွန့်တို့က ငွေကျပ် ၁၅၀၀၀၀ အပါအဝင် ၃၂ ဦးတို့၏ လှူဒါန်းငွေကျပ် စုစုပေါင်း ၂၆၃၂၀၉၀ကျပ်တို့ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံယူကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများကဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင် (လေ) က ရှင်းလင်းတင်ပြ လျှောက်ထားသည်။

တရားချီးမြှင့်

ယင်းနောက် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဇာဂရက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကာ သုစိတ္တာရုံ ပစ္စယာ နုဂ္ဂဟဝတ်အဖွဲ့က ဒိသာဖရဏ မေတ္တာပို့ကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ သုစိတ္တာရုံ၊ သာသနာ့ပါရဂူနှင့် ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်ကြီးများသို့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၈၉ အိတ်၊ ဆီ ၂၄ပိဿာ၊ ဆားပိဿာ၄၀၀၊ သွားတိုက်ဆား ၄၈ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၅၉ ဘူး၊ ကိုယ်တိုက်ဆပ်ပြာ အတုံး ၂၄၀၊ ရွှေဝါဆပ်ပြာ အတောင့် ၂၄၀နှင့် ဆွမ်းပဒေသာပင်အတွက်အလှူတော်ငွေကျပ် ၂၆၃၂၀၉၀ ဖြစ်ကြောင်းသိရသည်။

ရွှေပြည်သာမြို့နယ်

အလားတူ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၆) ရပ်ကွက် ရွှေဘုန်းရှိန်လမ်းရှိ အောင်ဆန်းတောရကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရွှေပြည်သာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကထံမှ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ လှူဒါန်းသည့် ဆွမ်းဆန်တော် ၁၂၈အိတ်၊ ပဲ ၁၀၂ ပိဿာ ၄၀ကျပ်သား၊ ဆား ၅၁၂ ပိဿာ၊ ဆီ ၅၁ပိဿာ၂၀ကျပ်သားတို့ကို မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီး ဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ဒုတိယဗိုလ်မှူးကြီး မြင့်ထွန်း (ရေ)၊ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင် (လေ)တို့က ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနကိုယ်စား သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးကလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကိုယ်စား ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကလည်းကောင်း ဆွမ်းဆန်တော်များကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်က ဆီ၊ ဆပ်ပြာတောင့်၊ ဆပ်ပြာမွှေးတို့ကို လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ လှူဒါန်းသော အိုင်အိုဒင်းဆားနှင့် သွားတိုက်ဆေးများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများလှူဒါန်းသော တိုင်းရင်းဆေးမျိုးစုံတို့ကို လည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ အလှူရှင်စုစုပေါင်း ၃၄ဦးတို့က အလှူတော်ငွေကျပ် ၁၆၆၆၀၉၀ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်(လေ)က ရှင်းလင်း လျှောက်ထားသည်။

လှူဒါန်းမှုအစုစု

ထို့နောက် ရွှေပြည်သာမြို့နယ် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ်ဝတ်အသင်းအဖွဲ့ဝင်များကအရပ်ဆယ်မျက်နှာမေတ္တာပို့သကြပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၅၇ အိတ်၊ ဆီ ၈၁ပိဿာ ၂၀ ကျပ်သား၊ ပဲ ၁၀၂ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၁၂ ပိဿာ၊ ဆပ်ပြာတောင့် ၅၁၂ တောင့်၊ ဆပ်ပြာမွှေး ၅၁၂ ခဲ၊ သွားတိုက်ဆား ၁၀၂ဘူး၊ တိုင်းရင်း ဆေးမျိုးစုံ ၁၃၇၄ ဘူး၊ ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၁၆၆၆၀၉၀ ဖြစ်သည်။

(သတင်းစဉ်)

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲဆက်လက်ရှိချန်ပီယံအိန္ဒိယအသင်းအနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၄ခုနှစ် အယ်လ်ဂျီဖလား(LG Cup) ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ အိန္ဒိယအသင်းက မြန်မာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(က)တွင် အိမ်ရှင်ဗီယက်နမ်အသင်းက တစ်ပွဲနိုင်(၃)မှတ်၊ လက်ရှိချန်ပီယံအိန္ဒိယအသင်းက တစ်ပွဲနိုင် (၃)မှတ်ရရှိထားပြီး မြန်မာအသင်းက နှစ်ပွဲရှုံး အမှတ်မရဘဲ အုပ်စုအဆင့်မှပင် ထွက်သွားရပြီဖြစ်သည်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၄)ကို ယနေ့ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

"မီဒီယာခေတ်မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် နာဂျက်ဖ်မြို့တင်းမာမှုအခြေအနေ၊ ဘင်လာဒင်၏ဆက်သွယ်ရေးမှူး၊ အာဖဂန်နစ္စတန်နိုင်ငံအကြောင်းသိကောင်းစရာ၊ ကမ္ဘာ့စစ်တုရင်ချန်ပီယံဟောင်း ဘော်ဘီဖစ်ရှာထိန်းသိမ်းခံရမှု၊ အိန္ဒိယ တာတာအုပ်စု၏ ရင်းနှီးမြှုပ်နှံမှု၊ အာရှလေကြောင်းဈေးကွက်၏ ကြားလေယာဉ်များ၊ လူထုထောက်ခံမှုရရှိသည့် ဟူဂိုချာဗက်ဇ်၊ ရေနံလုပ်ငန်းမှ ဝင်ငွေတိုးနေသောဘရူနိုင်း၊ အဏ္ဏဝါရေအက်ဆစ်ဓာတ်များပြားလာမှုနှင့် ကမ္ဘာမြေအပေါ် အကျိုးသက်ရောက်နိုင်မှု၊ အာရှနှင့် ဥရောပမှတပ်ဖွဲ့ရုပ်သိမ်းမည့် အမေရိကန်အစီအစဉ်၊ ကမ္ဘာ့အသေးဆုံးရေငုပ်သင်္ဘော၊ ကမ္ဘာ့လူဦးရေအခြေအနေ၊ နိုင်ငံတကာဟာသ၊ မငြိမ်သက်သည့် အာသံပြည်နယ်၊ အယ်လ်ခိုင်ဒါကို မြေလှန်သုတ်သင်နေသော ပါကစ္စတန်၊ ရေကူးကန် သန့်ရှင်းရေး၊ ဖလော်ရီဒါပြည်နယ်ကို မွှေခဲ့သော ချာလီမုန်တိုင်း၊ အဏုမြူစွမ်းအင်အပေါ်ရှုမြင်ချက်၊ အိုလံပစ်ပွဲတော်ပုံရိပ်များနှင့် နီပေါလုံခြုံရေး အခြေအနေစသည့် သတင်းများနှင့်သတင်းဆောင်းပါးများ ဝေဝေဆာဆာ ဖော်ပြထားကြောင်းသိရသည်။

(က–ပ)

ဆက်ကပ်လှူဒါန်း

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အတွင်းရှိ စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို သီလရှင် ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌဒိုင်းရပ်ကွက်ပေါင်းစုံ အကြိုးတန်းဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၄ ခုနှစ် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း ရပ်ကွက်ပေါင်းစုံ အကြိုးတန်း ဘောလုံးပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး ကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁နာရီက အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန အင်းစိန်မြို့နယ် ဦးစီးအရာရှိ ဦးသိန်းထိုက်၊ မြို့နယ် ဘောလုံးဆပ်ကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နှင့် နည်းပြများ တက်ရောက်ကြသည်။

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း ရပ်ကွက်ပေါင်းစုံ အကြိုးတန်း ဘောလုံးပြိုင်ပွဲကို အင်းစိန်မီးရထားအားကစားကွင်း၌ စက်တင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်၊ အကြိုဗိုလ်လုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များကို တစ်ရက်လျှင် တစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်ဘောလုံးအသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အီတလီ၊အီရတ်၊အာဂျင်တီးနားနှင့်ပါရာဂွေးအကြိုဗိုလ်လုပွဲတက် တောင်ကိုရီးယားနှင့်ဩစတြေးလျတို့ပြည်တော်ပြန်ရပြီ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၂၂

အေသင် အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ်၂၁ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မာလီနှင့် အီတလီတို့ပွဲတွင် အီတလီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အီရတ်နှင့် ဩစတြေးလျတို့ပွဲတွင် အီရတ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာဂျင်တီးနားနှင့် ကော်စတာရီကာတို့ပွဲတွင် အာဂျင်တီးနားက လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ပါရာဂွေးနှင့် တောင်ကိုရီးယားတို့ပွဲတွင် ပါရာဂွေးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

မာလီနှင့်အီတလီ

အေသင်အိုလံပစ်အားကစားပွဲတော်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မာလီနှင့်အီတလီတို့ ဂရိနိုင်ငံ အေသင်မြို့ရှိ ကာရစ်ကာကီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည်။

မာလီနှင့် အီတလီအသင်းတို့ ကွာတားအဆင့် ပြိုင်ပွဲဖြစ်သည့်အားလျော်စွာ တစ်ဖက်နှင့် တစ်ဖက် အမှားမခံဘဲ ထိန်းကစားလျက်ရှိရာ ပွဲအစပိုင်းတွင်နှစ်သင်းစလုံး ခပ်လေးလေးသာ ကစားသွားခဲ့သည်။

ဖြတ်တင်ပေး

ပွဲချိန်၁၅မိနစ်တွင် မာလီအသင်းအလယ်တန်းမှ အက်စ်အစ်ဆိုကို အီတလီဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို မာလီတိုက်စစ်မှူး ကီဘီ ခေါင်းတိုက်သွင်းခွင့်ရရှိသော်လည်း ဘေးထွက်သွားသဖြင့် တစ်ဂိုးနစ်နာခဲ့ရသည်။

ထိရောက်မှု

မာလီအသင်းအလယ်တန်းမှ ဘာရာဟီနှင့် အက်စ်အစ်ဆိုကိုတို့က ဘယ်ညာတောင်ပံများသို့ အဝေးပေးဘောများဖြင့် ပေးပို့အကွက်ဆင်ကစားရာ မာလီတိုက်စစ်မှူးများ ဖြစ်သည့် ဒီယာလို၊ ကီဘီ၊ ထရာအိုရီနှင့် အင်ဒီယာယီတို့ ဂိုးရလိုမှုဆန္ဒစောနေခြင်းကြောင့် ထိရောက်မှုအားနည်းခဲ့ရသည်။ အီတလီအသင်းက အလယ်တန်းကစားကွက်ကိုတည်ပြီး ထိုးဖောက် ဂိုးသွင်းနိုင်ရန် ကြိုးစားသော်လည်း ကွင်းလယ်၌ပင် မာလီတို့က ဖြတ်တောက်ပြီး ဟန့်တားနိုင်ခဲ့သည်။

အီတလီအသင်းက ဒုတိယပိုင်းတွင်အနိုင်ရရှိရေး ထိုးဖောက်ကစားသော်လည်း အီတလီတိုက်စစ်မှူးများဖြစ်သည့် ဆာကူလီနှင့် ဂီလာဒီနိုတို့က ဂိုးဧရိယာအတွင်းသို့ ဘောလုံးဆွဲယူလာမှုများပြီး အပိုင်ကန်သွင်းရန်ကြိုးစားမှုတို့ကြောင့် ဘောလုံးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ အခွင့်အရေးရသည်နှင့်ကြုံသလို ဂိုးသွင်းနိုင်ခဲ့ပါက စေတီးစွာအဖြေတစ်မျိုးထွက်နိုင်သော်လည်း ဘောလုံးကိုင်ကစားမှုတို့ကြောင့် မိနစ်၉၀အချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ဘဲ အချိန်ပို မိနစ်၃၀ကစားခဲ့ရာမှ ပွဲချိန် ၁၁၆မိနစ်တွင် အီတလီနောက်ခံလူ ဘိုဗိုကသွင်းယူခဲ့သဖြင့် အီတလီတို့ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အီရတ်နှင့် ဩစတြေးလျ

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အီရတ်နှင့် ဩစတြေးလျအသင်းတို့ ဩဂုတ် ၂၁ရက်က ဂရိနိုင်ငံ ဟာရက်လီရိုမြို့ရှိ ပင်န်ရစ်တီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဂါနာနိုင်ငံမှ ဘာတီရက်စ်က ဆောင်ရွက်သည်။

အီရတ်အသင်းသည်ပွဲစသည်နှင့် အနိုင်ရရှိရေးအတွက် ဩစတြေးလျအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ရာ ပထမပိုင်းပွဲချိန်

အီရတ်နှင့် ဩစတြေးလျတို့ပွဲတွင် အီရတ်မှ မူလာမိုဟာမက် (ယာ) ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

များများကို အီရတ်တို့က ဖိကစားနိုင်ခဲ့သော်လည်း အီရတ်တိုက်စစ်မှူးများ ဂိုးသွင်းသေချာမှု မရှိခြင်းကြောင့် ဩစတြေးလျတို့ သက်သာခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အီရတ်အသင်းက အလယ်တန်းအားကိုယူပြီး ထိုးဖောက်ကစားရာတွင် ကွင်းလယ်ကစားသမားများဖြစ်သော ဆလိတ်ဆာဒရာ၊ အဘူအယ်ဟဲလ်နှင့် မူလာမိုဟာမက်တို့က ရှေ့တန်းတိုက်စစ်မှူးများထံ ဘောလုံးပေးပို့မှုများ တိကျကောင်းမွန်ပြီး တိုက်စစ်တွင်လည်း လိုက်ပါကစားနိုင်ခဲ့သည်။

ဩစတြေးလျအသင်း နောက်တန်းခံစစ်မှူးများဖြစ်သည့် နောတ်၊ ကင်ဒယ်ရှာဖက်၊ မက်ကင်နှင့် မာဒက်ချီတို့က အီရတ်တိုက်စစ်ကို မနားတမ်း ဖျက်ထုတ်နေခဲ့ရသည်။ ဩစတြေးလျတို့က တိုက်စစ်ကို နောက်တန်းမှ စတင်ကစားပြီး အုပ်စုဖွဲ့ ထိုးဖောက်ကစားနိုင်သော်လည်း အီရတ်ဂိုးသမား နိုရာဆာ့ရီက အစွမ်းပြကာကွယ်နိုင်ခဲ့သလို အီရတ်နောက်တန်းခံစစ်မှူးများကလည်း အတင်းဝင်၊ အတင်းဖျက်ကစားခဲ့မှုကြောင့် သေချာပေါက်ကန်သွင်းခွင့်များ မရရှိခဲ့ပေ။

ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ကြဘဲရှိရာ ဒုတိယပိုင်း မိနစ် ၆၀ တွင် အီရတ်မှ ဆာလိတ်ဆာဒရာ အစား မက်ဒီကာရင် ဝင်ရောက်ကစားခဲ့ပြီး မကြာမီ အီရတ်တိုက်စစ်မှူး အီမက်က ပွဲချိန် ၆၄ မိနစ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဩစတြေးလျတို့ ချေပဂိုး ရရှိရေး အကြိတ်အနယ် ကြိုးစားပြီး ပွဲချိန် မိနစ် ၆၀တွင် ဟိုလ်မင်အစား ဂရစ်ဖစ်၊ ပွဲချိန် ၇၇မိနစ်တွင် ဒင်န်ဇီအစား ဒီလီစကီတို့ ဝင်ရောက်ကစားခဲ့သော်လည်း ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် အီရတ်တို့က တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရပြီး အကြို ဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

အာဂျင်တီးနားနှင့် ကော်စတာရီကာတို့ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဂရိနိုင်ငံ ပါထရာစ် မြို့ရှိ ပင်ပီလိုပွန်နီစီရာကို အားကစားကွင်း၌ ဩဂုတ် ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဂရိနိုင်ငံမှ ဗာဆာရက်စ်က ဆောင်ရွက်ပေးသည်။

အာဂျင်တီးနားအသင်းသည် ပွဲစသည်နှင့် ကော်စတာရီကာအသင်းဘက် ထိုးဖောက်ကစားရာ ကော်စတာရီကာတို့ခံစစ်ဖြင့်သာကစားနေရသည်။

အာဂျင်တီးနားအလယ်တန်းမှ မက်ချီရာဒို၊ ဂွန်ဇာလက်နှင့် ဒီအယ်ဆန်ဒရိုတို့က ကွင်းလယ်ကစားကွက် စိုးမိုးကာ ရှေ့တန်းတိုက်စစ်မှူးများထံ တိကျသောဘောလုံးပေးပို့မှုများကြောင့် ပွဲချိန်၂၄မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး ဒယ်ဂါဒိုက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

အာဂျင်တီးနားတို့ ကော်စတာရီကာဘက်သို့ ဖိကစားထားနိုင်ရာ ကော်စတာရီကာတို့ တစ်ခါတစ်ရံသာ တန် ပြန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ပွဲချိန်၄၃မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် အာဂျင်တီးနားတို့က နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

အချိတ်အဆက်မိမိ

ဒုတိယပိုင်းတွင်လည်း အာဂျင်တီးနားတို့ကပင် ကစားကွက်ကို အသာစီးမှ ကစားသွားနိုင်ခဲ့ပြီး ကစားကွက် ဖော်ကာ ရှေ့နောက်အချိတ်အဆက်မိမိ ကစားသွားခဲ့သည်။ ကော်စတာရီကာတို့ တန်ပြန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း ကော်စတာရီကာတိုက်စစ်မှူးများဖြစ်သည့် ဆာဘိုရီရိုနှင့် အာရီတာတို့အပြင် ကွင်းလယ်မှ ဟာနန်ဒက်ဇ်တို့လည်း အာဂျင်တီးနားခံစစ်ကြောင်းကို မထိုးဖောက်နိုင်ခဲ့ချေ။

ပွဲချိန် ၈၂မိနစ်တွင် အာဂျင်တီးနား တိုက်စစ်မှူး တီဗက်ဇ်ကပင် ကွင်းလယ်မှ ဖြတ်တင်ပေးသည့် ဘောလုံးကို ဂိုးဧရိယာအတွင်းထိ ဆွဲယူလာပြီး ကော်စတာရီကာ နောက်ခံလူများ ဟန့်တားနေသည့်ကြားမှ အပိုင်ကန်သွင်းခဲ့သဖြင့် တတိယဂိုး ရရှိခဲ့သည်။ ချက်ချင်းဆိုသလိုပင် ပွဲချိန်၈၃မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်က စတုတ္ထမြောက်ဂိုးသွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဟက်ထရစ်

ယခုပွဲတွင် အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်သည်တစ်ဦးတည်း သုံးဂိုးသွင်းကာ ဟက်ထရစ်ရရှိခဲ့သည်။

ပါရာဂွေးနှင့်တောင်ကိုရီးယားတို့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာ့ဖ်တန်ဇိုလီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည်။

ပါရာဂွေးအသင်းသည် ပွဲစသည်နှင့် တောင်ကိုရီးယားအသင်းဘက်သို့ တရစပ်ထိုးဖောက်တိုက်စစ်ဆင်ကစားရာ ပါရာဂွေးတိုက်စစ်မှူးများဖြစ်သည့် ကာဒိုဇို၊ ဘာရီရိုနှင့် ဒိုရာဇ်တို့တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားရာ တောင်ကိုရီးယားခံစစ်မှူးများသည် အသည်းအသန်ဖျက်ထုတ်နေခဲ့ရသည်။

ပါရာဂွေးအသင်းက အလယ်တန်းမှ ဘာရီတို၊ အင်စီဆိုနှင့် ဖီရူရီတိုတို့ကတိုက်စစ်မှူးများနှင့် အုပ်စုဖွဲ့ ထိုးဖောက်ကစားရာ ပွဲချိန် ၁၉မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူး ဘာရီရိုက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်

တစ်ဂိုးပေးလိုက်ရသဖြင့် တောင်ကိုရီးယားတို့ ပြန်လည်တိုက်စစ်ဆင်ကစားသော်လည်း ပါရာဂွေးနောက်တန်းကို မကျော်နိုင်ခဲ့ပေ။တောင်ကိုရီးယားတိုက်စစ်မှူးများ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးမချနိုင်ဘဲရှိရာ ပထမပိုင်းတွင် ပါရာဂွေးတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ပါရာဂွေးတို့က ကွင်းတစ်ဝက်ဖိကစားပြီး ဂိုးရရှိရေး အပြင်းအထန်ကြိုးစားမှုကြောင့် ပွဲချိန် ၆၁မိနစ်တွင် ပါရာဂွေး တိုက်စစ်မှူး ကာဒိုဇိုက တစ်ဂိုးသွင်းယူခဲ့ပြီး၊ ပွဲချိန် ၇၁မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူး ဘာရီရိုက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပါရာဂွေးတို့ သုံးဂိုးပြတ် ဦးဆောင် ကစားနေခဲ့သည်။

တောင်ကိုရီးယားတို့ ချေပဂိုးများရရှိရေး ပြန်လည်ထိုးဖောက်တိုက်စစ်ဆင်ကစားရာမှ ပွဲချိန် ၇၄ မိနစ်တွင် တောင်ကိုရီးယား တိုက်စစ်မှူးလီချန်က တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်သဖြင့် တောင်ကိုရီးယားတို့ အားတက်ကာ ကစားအားတင် ထိုးဖောက်ကစားရာမှ ပွဲချိန် ၇၉မိနစ်တွင် တောင်ကိုရီးယား တိုက်စစ်မှူး လီချန်ကပင် ပါရာဂွေးခံစစ်မှူးများ ဟန့်တားနေသည့်ကြားမှ အပြင်းကန်သွင်းခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့သည်။

ပြည်တော်ပြန်

တောင်ကိုရီးယားတို့ ပါရာဂွေးအသင်းဘက်သို့ ပြန်လည်ဖိကစားပြီး ချေပဂိုးနှင့် အနိုင်ဂိုးများရရှိရေးကြိုးစားသော်လည်း ပွဲချိန်ပြီးသည်အထိ ထပ်မံဂိုးမသွင်းနိုင်ခဲ့သဖြင့် တောင်ကိုရီးယားတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးကာ ကွာတားအဆင့်မှပင် ပြည်တော်ပြန်ရပြီ ဖြစ်သည်။

ပါရာဂွေးအသင်းအကြိုဗိုလ်လုပွဲတက်ရောက်နိုင်ပြီဖြစ်ရာ အိုလံပစ်ချန်ပီယံဖြစ်ရေး လက်တစ်ကမ်းအကွာသို့ ရောက်ခဲ့ပေပြီ။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အီတလီလမ်းလျှောက်အားကစားသမား အိုလံပစ်ပြိုင်ပွဲတွင်ရွှေတံဆိပ်ဆွတ်ခူး

အေသင် ဩဂုတ် ၂၁

ကီလိုမီတာ ၅၀ ကမ္ဘာ့လမ်းလျှောက်ချန်ပီယံဟောင်း အိုင်ဗန်နိုဘရူနက်တီသည် သောကြာနေ့က အေသင်အိုလံပစ် အမျိုးသားကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိသွားသည်။

အသက်၂၇နှစ်အရွယ်ရှိ အီတလီမှ အဆိုပါလမ်းလျှောက်သမားသည် ၁၆ကီလိုမီတာအထိ နောက်ပြန်မကြည့်ဘဲ ဦးဆောင်လမ်းလျှောက်ခဲ့ခြင်းဖြင့် အိုလံပစ်အားကစားကွင်း၌ ပထမဆုံးရွှေတံဆိပ်ကို ဆွတ်ခူးသွားသည်။ ၎င်း၏စံချိန်မှာ ၁ နာရီ ၁၉မိနစ်နှင့် ၃၉စက္ကန့်ဖြစ်သည်။

စပိန်မှ ဖရန်ဆစ်စကိုဖာနန်ဒက်သည် ၁ နာရီ ၁၉မိနစ် ၄၅စက္ကန့်ဖြင့် ငွေတံဆိပ်ဆွတ်ခူးပြီး ဩစတြေးလျမှ နက်သန်ဒိခ်က ၁ နာရီ မိနစ် ၂၀ ၂စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိသွားသည်။

အီကွေဒေါမှ ဂျက်ဖ်ဖာဆင်ပီရက်ဇ်သည် ၁၉၉၆ခုနှစ် အတ္တလန္တာအိုလံပစ်တွင် ရွှေတံဆိပ် ရရှိခဲ့သော်လည်း ယခုပြိုင်ပွဲတွင် ၁နာရီ မိနစ် ၂၀ ၃၈စက္ကန့်ဖြင့် စတုတ္ထအဆင့်သာ ရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီတလီစူပါဖလား လာဇီယိုကို အေစီမီလန်က သုံးဂိုး-ဂိုးမရှိဖြင့်နိုင်

မီလန် ဩဂုတ် ၂၂

အီတလီနိုင်ငံ မီလန်မြို့ ဆန်စီရိုအားကစားကွင်းကြီး၌ အီတလီ စူပါဖလားဘောလုံးပြိုင်ပွဲကို စနေနေ့က ကျင်းပရာ ယူကရိန်းတိုက်စစ်မှူး အင်ဒရိုင်ရှက်ချင်ကိုက လာဇီယိုအသင်းဘက်သို့ ဟက်ထရစ်(သုံးဂိုး) စီးရီးအေချန်ပီယံ အေစီမီလန်အသင်းအတွက် သွင်းပေးခဲ့သည်။

ရှက်ချင်ကိုသည် ပြီးခဲ့သောဘောလုံးရာသီက ၂၄ ဂိုး အေစီမီလန်အသင်းအတွက် သွင်းပေးခဲ့ခြင်းဖြင့် စီးရီးအေထိပ်တန်းအသင်း ဖြစ်လာခဲ့သည်။

၎င်းသည် ပထမပိုင်းတွင် နှစ်ဂိုးနှင့် ဒုတိယပိုင်း ၇၆ မိနစ်တွင် တစ်ဂိုး သွင်းပေးခဲ့သည်။

စီးရီးအေဘောလုံးပွဲစဉ်များကို စက်တင်ဘာ ၁၂ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘယ်လ်ဂျီယံတင်းနစ်မယ် အေသင်၌ရွှေတံဆိပ်ဆွတ်ခူး

အေသင် ဩဂုတ် ၂၂

ဘယ်လ်ဂျီယံမှ တင်းနစ်မယ် ဂျူစတင်ဟာနင်သည် ဂရိနိုင်ငံ အေသင် အိုလံပစ်ပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးပွဲစဉ်အဖြစ် ပြင်သစ်မှ အမီလီမော်ရက်စ်မိုနှင့် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သည်။

ဂျူစတင်ဟာနင်**(အပေါ်ပုံ)**သည် ပြင်သစ် မှ မော်ရက်စ်မိုအား ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိသွားကာ ရွှေတံဆိပ်ဆွတ်ခူးသွားပြီ ဖြစ်သည်။

(အင်တာနက်)

စနေနေ့ပရီမီယာလိဂ်အနိုင်အရှုံး

လန်ဒန် ဩဂုတ် ၂၂

စနေနေ့က အင်္ဂလိပ် ပရီမီယာလိဂ်ပြိုင်ပွဲများအပြီး အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

ချာလ်တန်	၂ - ၁	ပို့စ်မောက်
ခရစ္စတယ်ပဲလေ့	၁ - ၃	အဲဗာတန်
ဖူလ်ဟမ်	၂ - ၀	ဘော်လ်တန်
လီဗာပူး	၂ - ၁	မန်စီးတီး
မန်ယူ	၂ - ၁	နော်ဝှစ်ချ်
နယူးကာဆယ်	၀ - ၁	တော့တင်ဟမ်
ချယ်လ်ဆီး	၁ - ၀	ဘာမင်ဂမ်
ဆောက်သမ်တန်	၃ - ၂	ဘလက်ဘန်း

အမ်အင်အေ၊ရိုက်တာ။

စပိန်စူပါဖလားပထမအကျော့ ဗလင်စီယာက ဇာရာဂိုဇာကိုအနိုင်ယူ

မက်ဒရစ် ဩဂုတ် ၂၂

လိဂ်ချန်ပီယံနှင့် ယူအီးအက်ဖ်အေ ဖလားပိုင်ရှင် ဗလင်စီယာနှင့် ဇာရာဂိုဇာအသင်းတို့သည် စပိန်စူပါဖလားဘောလုံးပွဲစဉ် ပထမအကျော့အဖြစ် စနေနေ့က ဇာရာဂိုဇာကွင်း၌ ယှဉ်ပြိုင် ကစားကြရာ ဗလင်စီယာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကွင်းလယ်ကစားသမား ဗီစင်တီသည် ဗလင်စီယာအသင်းတွင် ထူးချွန်သော အားကစားသမားတစ်ဦး ဖြစ်သည်။ ၎င်းသည် ဒုတိယပိုင်း ၁၇မိနစ်တွင်ဗလင်စီယာအသင်းအတွက် အနိုင်ဂိုး သွင်းပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော လားရှိုးဒီဂရီကောလိပ်မှ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈-၈-၂၀၀၄) အစီအစဉ်
အပိုင်း-၁ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ

ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	E.O.Pအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု ခုံအမှတ် (၃ဓ-၁)မှ (၃ဓ-၄၄)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈-၈-၂၀၀၄) အစီအစဉ်
အပိုင်း-၂ မွန်းလွဲပိုင်း ၂း၀၀ နာရီ

ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	နိုင်ငံတကာဆက်ဆံရေးပညာ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု ခုံအမှတ်(၃ဓ-၄၅)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု ခုံအမှတ်(၃ရခ-၁)မှ (၃ရခ-၇၅)	ရတနာပုံတက္ကသိုလ်

ပထမနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း)၊ အစမ်းလေ့ကျင့်ရက် (၂၇-၈-၂၀၀၄) နံနက် ၉း၀၀နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉-၈-၂၀၀၄)အစီအစဉ်
အပိုင်း-၃ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ

ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	စိတ်ပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	အရှေ့တိုင်းပညာ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မနုဿဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	ရှေးဟောင်းသုတေသနပညာ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု ခုံအမှတ် (၃ရခ-၇၆)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု ခုံအမှတ် (၃သတ-၁)နှင့် (၃သတ-၆၄)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉-၈-၂၀၀၄)အစီအစဉ်
အပိုင်း-၄ မွန်းလွဲပိုင်း ၂း၀၀နာရီ

ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု ခုံအမှတ်(၃သတ-၆၅)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဘူမိဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ကုန်ထုတ်ဓာတုဗေဒ အထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်

ဒုတိယနေ့ (နံနက်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၇-၈-၂၀၀၄) မွန်းလွဲပိုင်း ၂း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ ဘွဲ့တက်ရောက်ယူမည့်သူများ အတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ ဧည့်လက်မှတ်များကို ဘွဲ့ကြေး ငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင် ကျင်းပရက်	ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက်	တက်ရောက်ခွင့်ပြု လက်မှတ်/ ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၂၈-၈-၂၀၀၄	၂၅-၈-၂၀၀၄	၂၅-၈-၂၀၀၄
၂၉-၈-၂၀၀၄	၂၆-၈-၂၀၀၄	၂၆-၈-၂၀၀၄

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား နှစ်သက်ရာဝတ်စုံ) အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

ဝင်းမောင်
(မော်ကွန်းထိန်း)
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်။

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဩဂုတ်လ ၁၆ရက်

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ခင် လေးစားရပါသော ဆရာ **ဒေါက်တာ ညွန့်ဖေ** (တွဲဖက် ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ Biotechnology ˚Development ˚Center၊ ပုသိမ်တက္ကသိုလ်) ၏ ၂၃-၈-၂၀၀၄ ရက် (တနင်္လာနေ့)တွင် ကျရောက်သည့် မွေးနေ့ရက်မြတ်မှသည် နောင် နှစ်ပေါင်း ၁၂၀ တိုင်သည်အထိ ချစ်ဇနီး အန်တီ နန်းချစ်ဆွေ၊ ချစ်သမီးများနှင့်အတူ ပျော်ရွှင်သာယာသော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်တပည့်များ –

အေးသီတာ၊ မီးငယ်၊ ရဲမင်း၊ စိုးစိုး၊ ဝါဝါ၊ ဆွေဇင်၊ မြနွယ်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးလေဝသအခြေအနေ

၂၂-၈-၂၀၀၄

မင်္ဂလာဒုံ
၀ ဒသမ ၀၇ လက်မ
ကမ္ဘာအေး
၀ ဒသမ ၁၆ လက်မ
ရန်ကုန်မြို့လယ်
၀ ဒသမ ၅၁ လက်မ

Job Vacancy
(For Local Services Only)

Pacific Pharmaceutical Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

Senior Accountant (YGN) 1 Post

- B.Com,CPA ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိပြီး လုပ်ငန်းတစ်ခုလုံး၏ စာရင်းများအား တာဝန်ခံဆောင်ရွက်နိုင်ရမည်။
- Computerized Accounting ကျွမ်းကျင်ရမည်။

Admin Manager (MDY) (Male)1 Post

- မန္တလေးရုံးခွဲတွင် လုပ်နိုင်ရမည်။
- ဘွဲ့ရ၊ ရုံးလုပ်ငန်း၊ စတိုလုပ်ငန်းများအား စီမံအုပ်ချုပ်နိုင်ရမည်။
- လုပ်ငန်းစီမံအုပ်ချုပ်မှုအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

Cashier(YGN) 4 Posts

- ဘွဲ့ရဖြစ်ရမည်။
  ငွေကြေးကိုင်တွယ်ထိန်းသိမ်းခြင်းအတွေ့အကြုံရှိရမည်။
  ငွေကြေးတာဝန်ယူနိုင်ရမည်။

Sale Representative (YGN) 5 Posts

- ခရီးသွားလာနိုင်သူဖြစ်ရမည်။ အရောင်းအဝယ်လုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အနည်းဆုံး ၁၀ တန်းအောင်ရမည်။ ဘွဲ့ရပြီးသူ ဦးစားပေးမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာသည့်ရက်မှ ၁၀ ရက်အတွင်း မိမိတို့ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အိမ်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ မိမိလျှောက်ထား လိုသောရာထူးကို တိကျစွာဖော်ပြ၍ Pacific Pharmaceutical Ltd. စာတိုက်သေတ္တာအမှတ် (၁၅၂၃) ရန်ကုန်စာတိုက်ကြီး၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်သည်။

မွေးနေ့ဆုတောင်း

Ph.D(Jap) Applied Microbiology Microbial B.Tech;DSc(Jap), Ph.D(Hons:) (Jap), JSPS-PDS(Jap) ၂၃-၈-၂၀၀၄

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို မရမ်းကုန်းမြို့နယ် နဝဒေးကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပလျက်ရှိသည်။

(ကက)အုပ်စု

ဩဂုတ် ၂၁ရက်တွင် (ကက)အုပ်စုပွဲစဉ်များကိုစတင်ကျင်းပရာ ပထမပွဲစဉ်၌ သုံးခွမြို့နယ်အသင်းက ကမာရွတ်မြို့နယ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသည်။ ဒုတိယပွဲစဉ်၌ တာမွေမြို့နယ်အသင်းက လှိုင်သာယာမြို့နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

(ခခ)အုပ်စု

ဩဂုတ် ၂၂ရက်တွင် (ခခ)အုပ်စုပွဲစဉ်များကို စတင်ကျင်းပရာ ပထမပွဲစဉ်၌ မရမ်းကုန်းမြို့နယ်အသင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အသင်းတို့ လေးဂိုးစီ သရေပွဲဖြစ်သွားသည်။ ဒုတိယပွဲစဉ်၌ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အသင်းနှင့် ရွှေပြည်သာမြို့နယ်အသင်းတို့ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိကြသူများကို အောင်တံခွန်သယ်ယူပို့ဆောင်ရေးပိုင်ရှင် ဦးခင်မောင်လတ်က ငွေကျပ်ငါးထောင်စီချီးမြှင့်သည်။ နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ပထမဆုရရှိသောအသင်းအား ငွေကျပ်သုံးသိန်း၊ ဒုတိယဆုရရှိသောအသင်းအား ငွေကျပ်နှစ်သိန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုနှင့် အကောင်းဆုံးဘောလုံးသမားဆုရရှိကြသူများအား ငွေကျပ်တစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

ယနေ့ပွဲ

ဩဂုတ် ၂၃ရက် **(ယနေ့)** မွန်းလွဲ၁နာရီခွဲတွင် လှိုင်သာယာမြို့နယ်နှင့် ကမာရွတ်မြို့နယ်အသင်း၊ ညနေ၃နာရီခွဲတွင် တာမွေမြို့နယ်နှင့် သုံးခွမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကိုယ့်အားကိုယ်ကိုး ဘဝမြင့်စာကြည့်တိုက်ဖွင့် ကျန်းမာရေးအသိပညာပေးဟောပြော

ရွှေဘို ဩဂုတ် ၁၅

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ကံဖြူကျေးရွာ အမကကျောင်းတွင်၊ ကိုယ့်အားကိုယ်ကိုး ဘဝမြင့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဝင်(ရွှေဘိုခရိုင်)၊ ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၏ ဇနီး ဒေါ်မြမြအေးနှင့် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ဖွင့်ပွဲတွင် ရွှေဘိုခရိုင် ငှက်ဖျားမှူး ဦးဆန်းမြင့်က ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်အေးမြင့်က အိုင်အိုဒင်းဆား သုံးစွဲရေးအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

(ခရိုင်ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုင်းကိုင် ဩဂုတ် ၁၅

မိုင်းကိုင်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာ လှပစေရေးအတွက် ဩဂုတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဗိုလ်ချုပ်လမ်းမကြီး ဘေးဝဲယာသန့်ရှင်းရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်အတွက် သတင်းစာ ရာသက်ပန်လှူဒါန်း

ကြို့ပင်ကောက် ဩဂုတ် ၁၈

သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ် သိုးဘိုစံပြကျေးရွာနှင့် သဲကုန်းကြီးစံပြကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ရာသက်ပန်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက်ကကျင်းပရာ အလှူရှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသိန်းစိုး၊ ဇနီး ဒေါ်သိုက်သိုက် ထွန်းတို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်နာယကများဖြစ်ကြသော သိုးဘို စံပြကျေးရွာမှ ဦးကျော်ရင်နှင့် သဲကုန်းကြီးစံပြကျေးရွာမှ ဦးလှအောင်တို့က လက်ခံရယူကြသည်။ **(ယာပုံ)**

အခမ်းအနားသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လက်ထောက်ပညာရေးမှူးဦးသိန်းဇင်နှင့် ဆရာ ဆရာမများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်တင်ဝင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

(ဝ၄ဝ)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ကျုံ့တာ-ဇရပ်လှလမ်းခင်းရန် ကျောက်များ စုဆောင်း

ရေကြည် ဩဂုတ် ၁၀

ဧရာဝတီတိုင်း ရေကြည်မြို့နယ်တွင် ကျုံ့တာ-ဇရပ်လှလမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ရန်အတွက် ကျောက်များ စုဆောင်းလျက်ရှိရာ ဩဂုတ် ၃ ရက်က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ဝယ်ယူစုဆောင်းထားသော ကျောက်များကို ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့်အဖွဲ့က သွားရောက်စစ်ဆေးကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ညောင်ရွှေ မြို့မဈေး စုပေါင်းသန့်ရှင်း

ညောင်ရွှေ ဩဂုတ် ၈

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇူလိုင် ၂၉ ရက်က မြို့မဈေးကြီး အတွင်းနှင့်အပြင် သန့်ရှင်းရေးအတွက် ရေနုတ်မြောင်းများမှ အမှိုက်သရိုက်များ ရှင်းလင်းသိမ်းဆည်းခြင်း၊ ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စွာ ရှင်းလင်းခြင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမွန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(ဝ၂၇)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါအသိပေးဆွေးနွေး

ဟိုပုံး ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ခုခံအားကျ ကာလသားရောဂါ တိုက်ဖျက်ရေး ဌာနတို့ ပူးပေါင်းဆောင်ရွက်သော ခုခံအား ကျဆင်းမှု ကူးစက်ရောဂါအကြောင်း အသိပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက်က ဟိုပုံးမြို့နယ်ပြည်သူ့ဆေးရုံတွင် ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ခုခံအားကျကာလသားရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်ကျော်ထွေးက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း အသိပေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကသာကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ကသာ ဩဂုတ် ၁၈

ကသာမြို့နယ်ရှိ စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းသည့် အခမ်းအနားကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက်က ကျင်းပရာ ခရိုင်ခေတ္တဥက္ကဋ္ဌ၊ မြို့နယ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးငွေညွှန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်တို့က အမှာစကားပြောကြားကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေငွေသက်က စာကြည့်တိုက် ဖွင့်လှစ်ရေးနှင့် စာအုပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရရှိသောစာအုပ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော စာအုပ်များကို ကျေးရွာ ၅၀ သို့ အုပ်ရေ ၅၀ စီ လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ဩဂုတ် ၉ရက်က မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့ မြို့မ(၃)စံပြမူလတန်းလွန်ကျောင်း၏ ကျောင်းကျန်းမာရေး သီတင်းပတ်တွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဥမ္မာရီ၊ ဒေါက်တာနန်းနိုင်နိုင်ရှိန်၊ ဒေါက်တာရဲလင်းသန်းနှင့်အဖွဲ့က ကျောင်းသူကျောင်းသားများအား ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ မျက်စိ၊ သွားနှင့် အထွေထွေစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြစဉ်။ (က-ပ)

ဖဲကြိုးဖြတ်

ပင်လောင်းမြို့နယ် နောင်တရားမြို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တီကျစ်ကျေးရွာ ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောလှဦးက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးစဉ်။ (၃၆၉)

မိုးဆမ်းပန်းစာကြည့်တိုက် ဒေးဒရဲမြို့နယ်၌ဖွင့်

ဒေးဒရဲ ဩဂုတ် ၁၄

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး 'မိုးဆမ်းပန်း' စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက လေးကျေးရွာ၌ ကျင်းပရာ ဒေးဒရဲမြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ယဉ်မူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဖွင့်ပွဲအပြီးတွင် ရန်ကုန်မြို့မှ အလှူရှင်များ ပေးပို့သည့် စာကြည့်တိုက်စာအုပ်၊ စာနယ်ဇင်း ၁၇၀ နှင့် လေးကျေးရွာ(အမက)မှ ချို့တဲ့သူ မူလတန်း ကျောင်းသား ကျောင်းသူ ၂၀ အတွက် စာအုပ်၊ ဘောပင်နှင့် ခဲတံများ ထောက်ပံ့လှူဒါန်းကြကြောင်း သိရသည်။

(က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ မော်လမြိုင်မြို့နယ်တွင်ကျင်းပ

မော်လမြိုင် ဩဂုတ် ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက်နံနက် ၁၀နာရီက ယင်းကျောင်းတိုက် စတုဗ္ဗဆောင်တွင်ကျင်းပသည်။ ရှေးဦးစွာ ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် သာသနာပြု(နယ်လှည့်) ဓမ္မကထိကဘဒ္ဒန္တဝိမလထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမျိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မွန်ပြည်နယ် ပြည်နယ်၊ မြို့နယ်မီးသတ် ဦးစီးဌာနမိသားစုက ကြီးမှူး၍ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း လှူဒါန်းပွဲကို ဩဂုတ် ၁ ရက်က မွန်ပြည်နယ် မီးသတ်ဦးစီး ဌာနရုံးခန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်၊ မင်းကျောင်းပရိယတ္တိစာသင်တိုက် သာသန နုဂ္ဂဟအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော(၅၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီတွင် မင်းကျောင်းရှိ ဗုဒ္ဓခန်းမဆောင်၌လည်းကောင်း ကျင်းပကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(၁၆၈)

ရွှေတောင် မြို့ မဈေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရွှေတောင် ဩဂုတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင် မြို့နယ်၊ မြို့မဈေးကြီး၊ သမိုင်းဝင် ရွှေမျက်မှန် ဘုရားကြီးနှင့် ချမ်းသာကြီး စေတီတို့တွင် ရေစီးရေလာကောင်းမွန် ရေး၊ သန့်ရှင်းသာယာလှပရေးအတွက် ဩဂုတ် ၇ ရက်နံနက်က စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ကြသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါစုပေါင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နယ်မြေခံ တပ်ရင်းမှ တပ်မတော်သားများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ အစည်းများမှ အဖွဲ့ဝင်များ၊ အင်အား ၃၅၀နှင့် စည်ပင်သာယာမှယာဉ်သုံးစီး၊ မီးသတ်ယာဉ်သုံးစီးတို့ဖြင့် ဆောင်ရွက် ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော် ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ကြ သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက် ရာသို့ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းတင်နှင့်အဖွဲ့ဝင် များက ကြည့်ရှုအားပေးပြီး လိုအပ် သည်များအား ကူညီဆောင်ရွက်ပေး ကြသည်။**(အောက်ပုံ)** (၁၁၆)

အမြို့မြို့ အနယ်နယ် သတင်းများ

ယုဇနလမ်းနှင့်ခွာညိုလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ရောဝတီတိုင်းစည်ပင်ညွှန်မှူးစစ်ဆေး

ပန်းတနော် ဩဂုတ် ၁၂

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အလယ်ပိုင်းရပ်ကွက် ယုဇနလမ်းနှင့် ခွာညိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၄ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေတို့က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြသူတို့က ရှင်းလင်း ပြသကြကြောင်း သိရသည်။**(ဝဲပုံ)** (၃၂၇)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဩဂုတ် ၃ရက်က ပခုက္ကူ-မြိုင် လေယာဉ်ကွင်းဖြတ်လမ်း အရှည်၁၀ မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းတစ်ကြောင်းထိုးလုပ်ငန်း၊ မြေသားလမ်း ပုံဖော်ခြင်းလုပ် ငန်းများပြီးစီးမှု၊ ကျောက်များစုဆောင်း မှုနှင့် ရေပြွန်ရေကျော်လမ်းများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

တတိယအကြိမ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူသစ်တန်းအဆင့်နှင့် (ဂ)အဆင့်လက်ဝှေ့တံခွန်စိုက် ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ဩဂုတ် ၃ရက်က ကျင်းပရာ (ဂ)အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ၌ အမှတ်ပေါင်း၂၆မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသော အထက်မြန်မာပြည် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)လက်ဝှေ့အသင်းအား ပထမဆုဖလားနှင့်အတူ အုပ်ချုပ်သူ နည်းပြများ၊ လက်ဝှေ့အားကစားသမားများအား တွေ့ရစဉ်။ (က-ပ)

မြန်မာ့အသံ

၂၄-၈-၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁း၃၀ မြန်မာ့မူပာန်ဓာတ်မာန်ဟောပြောချက် မျိုးချစ်အာဇာနည် ဗိုလ်ရာကွပ် (မသက်နှံ-ပေါက်)

၁၂း၀၀ သူ့အတွေ့နှင့် သူ့အရေး (မှန်သောစကားကိုဆိုခြင်းနှင့်ပတ်သက်သော မှတ်ချက်များ-နန္ဒာသိန်းဇံ)

၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ(တွင်းရေပမာ)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပုဂံခေတ်ကျောက်စာများတွင်တွေ့ရှိရသော ဖျော်ဖြေမှုဆိုင်ရာ တူရိယာပစ္စည်းများ)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဓာတ်လမ်း(ဆေးဖက်ဝင်)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ကမ္ဘာ့ဂီတ

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (မျိုးဆက်သစ်အားကစားသမား များပေါ်ထွန်းလာရေး- ဦးဉာဏ်ထွန်း-ညွှန်မှူး၊ အား/ကာ)

၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်

၁၈း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (အာဟာရချို့တဲ့မှုများ ကာကွယ် ရေးနှင့် အာဟာရမျှတအောင်စားသုံးရေး)

၂၀း၃၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

နေ့စဉ်သိမ်းဆည်း

ဩဂုတ် ၃ရက်က သီပေါမြို့နယ် နမ့်လန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ထော်လာဂျီယာဉ်ဖြင့် နေ့စဉ် အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းဆောင်ရွက်ကြစဉ်။ (က-ပ)

စုပေါင်းသစ်ပင်စိုက်

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းတောင်း-တောင်ကုတ် လမ်းတစ်လျှောက် ဩဂုတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးအေးဝင်း၊ တာဝန်ခံအင်ဂျင်နီယာဦးကျော်ခိုင်ထွန်းနှင့် ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မွေးနေ့ဆုတောင်း

ဆရာ ဒေါက်တာညွန့်ဖေ (ခေတ္တ- Japan) ဓိဝ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ပုသိမ်တက္ကသိုလ်၏ ၂၃-၈-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင်အောင် ဘဝတစ်လျှောက်လုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံလျက် ချစ်စွာသော မိသားစု၊ ချစ်စွာသော တပည့်များနှင့်အတူ အောင်မြင်ပျော်ရွှင်သော ဘဝကို ထာဝရ ရယူပိုင်ဆိုင်နိုင်ပါစေ။

မဟာသုတေသနကျမ်းပြု
သင်တန်းသား၊သင်တန်းသူများ၊ ရုက္ခဗေဒဌာန၊
ပုသိမ်တက္ကသိုလ်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ် ၅၀၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါများ ခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် စက်ဖြုတ်သိမ်းပြီး အသုံးမပြုနိုင်တော့သည့် သီတာ-၂၊ စောမွန်လှနှင့် နဂါးမရေယာဉ်တို့အား တည်ရှိရာဒေသတွင် မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်** - ၁-၉-၂၀၀၄
အချိန် - (၁၄း၀၀) နာရီတိတိ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) (ပထမထပ်) စီမံရေးရာဌာနတွင် ၂၃-၈-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ရေယာဉ်များထုခွဲရောင်းချရေးအဖွဲ့
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ **(Kyats)**ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ **(Sealed Tender)** များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	9(T)2/MR(CRA) 2004-2005	Offset Machine Numbering Machine	1 No 4 Mos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၃-၉-၂၀၀၄ (ကြာသပတေးနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ၂၃-၈-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၆၀၅၆၁၂။

ငြင်းချက်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၈

ဒေါ်ခင်ခင်အေး အမှတ် ၁၂၃၊ အောင်မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ မစုစုလွင်(အိန္ဒိယစတိုး) အခန်း ၀၀၅၊ တိုက်အမှတ် ၁ ရွှေဝါမြိုင်အိမ်ရာ၊အမှတ်(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်ဖြစ်သည့် ဒေါ်စုစုလွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျပ်ငွေ ၁၂၁၁၆၄၀ ရလိုမှုကို စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့ (၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်ခင်လှ(တ-၁၅၄၄)
B.A (Law), LL.B
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အမည်မှန်

ပျဉ်းမနားမြို့၊ အထက (၂) Grade-10 (F)မှ ဦးသက်နိုင်၏ သား မောင်အောင်သက်နိုင်၏ အမည်မှန်မှာ မောင်အောင်သက်ခိုင် ဖြစ်ပါကြောင်း။

မောင်အောင်သက်ခိုင်။

အမည်ပြောင်း

လောင်းလုံမြို့နယ် အောက်ကျောက်ဝပ်ရွာနေ ဦးအုန်းညွန့်၏သား အထက(၃) ထားဝယ် ဒသမတန်းမှ မောင်ကျော်ကျော်အောင် ၆/လလန(နိုင်)၀၉၁၄၃၈အား ယနေ့မှစ၍ မောင်ထိန်လင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထိန်လင်းအောင်။**

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ မြို့တော်နေ ပြည်သူများမှ အဆောက်အအုံဆောက်လုပ်ခွင့်၊ ခြံစည်းရိုး ကာရံခွင့်၊ အကြီးစား ပြင်ဆင်ခွင့်၊ ပိုင်ဆိုင်မှုမမှန်ကန်သေးသော မြေများအား အထူးစီမံချက်ဖြင့် ဆောက်လုပ်ခွင့်များ လျှောက်ထားလာခြင်းတို့နှင့် ပတ်သက်၍ အဆင်ပြေချောမွေ့စေရန်အတွက် ဤဌာနအနေဖြင့် အထူးအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ ဆောင်ရွက်ရာတွင် မြေပိုင်ဆိုင်မှုမှန်ကန်ပြီး လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံပါက ၁၅ရက်အတွင်း ခွင့်ပြုမိန့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ထိုကဲ့သို့ လျှောက်ထားဆောင်ရွက်ရာတွင် တစ်ဆင့်ခံ၊ ကြားခံလူ၊ ပွဲစားများဖြင့် ဆက်သွယ်ဆောင်ရွက်စေခြင်းဖြင့် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာမှု၊ ငွေကုန်ကျမှုများသာမက လိမ်လည်မှုများကိုပါ တွေ့ကြုံရပြီး အခက်အခဲများဖြင့် ရင်ဆိုင်တွေ့ရှိနိုင်သည့်အတွက် ကိုယ်တိုင်လာရောက် အမှုတွဲဖွင့်လှစ်ခြင်းဖြင့် စိတ်ချမ်းမြေ့စွာနှင့် ဆောလျင်စွာ ခွင့်ပြုချက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း တစ်ပါတည်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ **(Kyats)**ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ **(Sealed Tender)** များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	9(T)3/MR(CRA) 2004-2005	Woodfree Paper(31" x 43)	800-Reams

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၃-၉-၂၀၀၄ (ကြာသပတေးနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၈-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၆၀၅၆၁၂။

ချောက်မြို့တွင် ကင်းဝန်မင်းကြီးစာကြည့်တိုက်ဖွင့်

ချောက် ဩဂုတ် ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဩဂုတ် ၁၄ ရက်တွင် ထိန်ကန်ကျေးရွာအုပ်စု ထိန်ကန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကင်းဝန်မင်းကြီးစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသိဟက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသိဟက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဦးမြင့်သန်းက စာကြည့်တိုက်အကျိုးကျေးဇူးနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေး နည်းလမ်းများ ဟောပြောဆွေးနွေးကြသည်။ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ကောင်းက စာကြည့်တိုက်ဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ထို့နောက် အလှူရှင် မန္တလေးမြို့ ဗွီအီးစီ ပညာရေးဘော်ဒါမှ ဦးသန်းစိုးအောင်က စာအုပ်မျိုးစုံအုပ် ၅၀နှင့် ချောက်မြို့ ရှမဝအထည်ဆိုင်ပိုင်ရှင် ဦးသန်းစိုး၊ ဒေါ်ထားထားမှ စာအုပ်မျိုးစုံ ၆၂ အုပ်တို့အားလှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူသည်။

အလားတူ စာကြည့်တိုက်ဖွင့်ပွဲများကို မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ရက်က စည်ပင်သာယာရေးအဖွဲ့ အဝင်လမ်းမြို့လယ်နာရီစင်အပိုင်းနှင့် လမ်းလယ်ကျွန်းတို့တွင် အဖွဲ့ရုံးဝန်ထမ်းများဖြင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးကြည်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ရောင်နီဦး ကျေးလက်စာကြည့်တိုက်ဖွင့်

ထားဝယ် ဩဂုတ် ၁၂

ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရောင်နီဦးစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၇ ရက်ကကျင်းပရာ ထားဝယ်ခရိုင်ပြန်/ဆက်ဦးစီးမှူးဦးဝင်းမြင့်၊ ရောင်နီဦးစာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းသန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးထိန်ဝင်း၊ စာကြည့်တိုက် ရောင်နီဦးဥက္ကဋ္ဌ ဦးဝင်းသန်းတို့က အမှာစကား ပြောကြားကြပြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိဦးဝင်းမြင့်က ကျေးလက်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်အကြောင်းကို ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင် အလှူရှင်များက စာအုပ်များနှင့် ငွေပဒေသာပင် ကျပ် ၁၆၁၇၀၀ကို အသီးသီး လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲမြို့ မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စာတိုက်လမ်းနှင့် အောင်မင်္ဂလာလမ်း ရေနုတ်မြောင်းတူးဖော်မှုကို ဇူလိုင် ၂၄ရက်က စက်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)




ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဝန်ကြီးများရုံး၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်း ၅၄၀၀ဝ–၁၀ဝ–၅၉၀ဝ) ရာထူးနေရာ (၃၀) လစ်လပ်လျက်ရှိပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများ (လစာနှုန်း ၅၄၀၀ဝ–၁၀ဝ–၅၉၀ဝ)တွင် ကနဦး လစာ ၅၄၀၀ဝ ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ အခြေခံပြည်သူ့ရေးရာ ဝန်ထမ်းလောင်း သင်တန်းသို့ ပြီးဆုံးအောင်မြင် တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပြီး နှစ်တိုးလစာကို ခံစားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာ–
  - (၁) စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရများ၊
  - (၂) ဝိဇ္ဇာဘွဲ့ (စီးပွားရေး) B.A (Eco)
  - (၃) သိပ္ပံဘွဲ့ (သင်္ချာအဓိက)
  - (၄) ဒီပလိုမာ စာရင်းကိုင် D.A အောင်မြင်ပြီး ဖြစ်ရမည်။
  - (၅) ၃၀–၉–၂၀၀၄ နေ့တွင် အသက် (၃၀)နှစ်ထက် မကျော်စေရ၊အစိုးရဝန်ထမ်းများအား အသက် (၃၅) နှစ်အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်သည်။ စာမေးပွဲအစီအစဉ်ကို သီးခြားထပ်မံအကြောင်းကြားပါမည်။

၅။ ဝင်ကြေး(ကျပ် ၅၀) ကို ငွေပို့လွှာဖြင့်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဝန်ကြီးများရုံး၊ ရန်ကုန်မြို့သို့ ငွေပို့လွှာအောက်ဆုံးကွက်တွင် "စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေး"ဟု ဖော်ပြ၍လည်းကောင်း၊ ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃) ရှိငွေစာရင်းအမှတ် အမ်ဒီ– ၀၀၀၅၄၆ သို့ ငွေစာရင်းခေါင်းစဉ် ၃၇၊ ဘဏ္ဍာရေးနှင့်အခွန်၊ ၂–ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ၁–ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂–ဆောင်ရွက်ပေးမှုအတွက် ရငွေများဖြင့် ပေးသွင်းရမည်။

၆။ လျှောက်လွှာတွင် (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့) အမျိုးသား မှတ်ပုံတင်အမှတ်၊ (ခ) မွေးနေ့သက္ကရာဇ်၊ (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ (ဃ)ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်(သို့) အမျိုးသား မှတ်ပုံတင်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊ (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင် အမှတ်၊ မြို့နယ်နှင့် နေ့စွဲ၊ (ဇ) ဆက်သွယ်ရန်လိပ်စာ၊ (ဈ) အမြဲတမ်းလိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ (က) ဝင်ကြေးပေးသွင်းချလန်မူရင်း၊ (ခ) ဘွဲ့လက်မှတ်မိတ္တူ၊ (ဂ) အမှတ်စာရင်းမိတ္တူ၊ (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ (င) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ နှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ ၂–၈–၂၀၀၄ နေ့နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။
- (က) ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ဝန်ကြီးများရုံး၊ ရန်ကုန်မြို့သို့ လိပ်စာတပ်ရမည်။
- (ခ) လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်ရေစစ္စတြီ ပြုလုပ်၍သော်လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသို့ ၂၉–၉–၂၀၀၄ နေ့နောက်ဆုံးထား၍ အရောက်တိုက်ရိုက် ပေးပို့နိုင်သည်။

၉။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာမှ တစ်ဆင့် ဤဦးစီးဌာနသို့ ၈–၁၀–၂၀၀၄နေ့ နောက်ဆုံးထား၍ အရောက် ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၉–၉–၂၀၀၄နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ တိုက်ရိုက်ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။




အမည်ပြောင်း

ဦးသက်နိုင်ဦး၏သမီး အထက(၂) ဗဟန်း၊ ဆဋ္ဌမတန်း(E)မှ မပါရ်ဘသီး(ခ) မခတ္တာအား မပါရ်ဘသီး(ခ)မသန္တာစိုးဟု ပြောင်းလဲခေါ်ပါရန်။

မပါရ်ဘသီး(ခ)မသန္တာစိုး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်မောင်အေး YDN–၀၂၀၄၅၈ ကိုင်ဆောင်သော ၁–၁–၈၂ နေ့တွင် ထုတ်ပေးသည့် စက်ခန်းအုပ်လက်မှတ် စမဒ–၆၀/၈၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း–၅၄၈၆၅၆။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၈၉၇၄ ယာဉ် လက်ဝယ်ရှိသူ ဒေါ်နန်းအန်ဇန်း ၁၃/တကန(နိုင်) ၀၁၇၄၀၀ မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန၊ ခရိုင်ရုံး(လွိုင်လင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန ၊ခရိုင်ရုံး(လွိုင်လင်) လွိုင်လင်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၃၉၁၇၇ ဆိုင်ကယ် လက်ဝယ်ရှိသူ ဒေါ်နန်းမွေငင်း ၁၃/လလန(နိုင်) ၀၀၃၁၁၄ မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန၊ ခရိုင်ရုံး(လွိုင်လင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန ၊ခရိုင်ရုံး(လွိုင်လင်) လွိုင်လင်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၅၇၂၁၄ဆိုင်ကယ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန(တိုင်းရုံး)ပုသိမ်သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(တိုင်းရုံး)ပုသိမ်။

ဝမ်းနည်းကြေကွဲခြင်း

၁၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော အစ်ကိုကြီး ကို"ခ"အတွက် အစ်မ မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ကြေကွဲရပါကြောင်း။

ချစ်မောင်လေး မိသားစု
ဦးနေဝင်း–ဒေါ်သင်းသင်းနွယ်
သား– မောင်ဆီကာနေဝင်း
ပညာနေဝင်း။

ဝမ်းနည်းကြေကွဲခြင်း

၁၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသော အစ်ကိုကြီး ကို"ခ"အတွက် အစ်မ မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ကြေကွဲ ရပါကြောင်း။

ချစ်ညီမ မိသားစု
ဦးရဲအောင်–ဒေါ်ဥမ္မာ
သမီး–သီရိရဲအောင်။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်တင့် လက်ထောက်မန်နေဂျာ(အင်ဂျင်နီယာ)စစ်ကိုင်းရောင်း/စက် (မြန်မာ့သစ်လုပ်ငန်း)၏ဇနီး ဒေါ်ကြည်ဌေးသည် ၁၆–၈–၂၀၀၄ ရက်တွင် တောင်ငူမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အေဂျီတီအိုင်သူငယ်ချင်းများ၊ ၁၉၇၉ အုပ်စု၊ မြန်မာ့သစ်လုပ်ငန်း။

ကျေးဇူးတင်ရှိခြင်း
မောင်ဝင်းထိုက်(ခ)မိုးဒီ
စတုတ္ထတန်း(က)၊ အမက(၂၉)၊ မရမ်းကုန်းမြို့နယ်
အသက်(၁၀)နှစ်

၁၃–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော မောင်ဝင်းထိုက်(ခ)မိုးဒီ၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (အနောက်ပိုင်းခရိုင်)မှ တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ် အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများအားလည်းကောင်း၊ ဝမ်းနည်းမှုအတွက် လာရောက်နှစ်သိမ့်အားပေးကြသော ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ရုံးဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လမ်းသူ လမ်းသားများ၊ပန်းခြင်း၊ပန်းခွေ၊ သက်န်းပေးပို့ကြသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ကျိုက်လတ်မြို့နယ်အသင်း
ဆရာမကြီးဒေါ်စိန်းလှ
အသက်(၈၆)နှစ်

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်း အလယ်ပိုင်း၊ အပိုင်း(၅)နေ (ဦးဦးကြီး–ဒေါ်သာယာ)တို့၏ သမီးထွေး၊ (ဒေါ်သိန်း)၊(ဦးအေးမောင်)၊ (ဆရာမကြီး ဒေါ်စိန်းမြ)၊ (ဆရာကြီး ဦးသောင်း)တို့၏ညီမဖြစ်သူ (အပူဇော်ခံဆရာမကြီး)သည် ၁၈–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၃နာရီတွင် ပေါက်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များနှင့် တပည့်ဟောင်းများသိစေအပ်ပါသည်။**အမှုဆောင်အဖွဲ့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိမ်းယဉ် (ဗန်းမော်)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာ၊ တိုက် ၁၈(ဘီ)နေ (ဦးတုတ်-ဒေါ်ဘူး)တို့၏သမီး၊ (ဦးစိန်ကဲ)၏ဇနီး၊ (ဦးသိန်းဟန်)-ဒေါ်ကြင်သန်း၊ (ဦးကြာညွန့်-ဒေါ်ခင်မြင့်မြင့်)၊ ဒေါ်ခင်ခင်သောင်း၊ (ဦးတင်ဝင်း)-ဒေါ်ခင်မြမြ၊ ဦးအုန်းကျော်-ဒေါ်သန်းသန်းနွယ်၊ ဦးလှမြင့်ဆွေ(ဌာနမှူး၊ မြို့တော်စည်ပင်)-ဒေါ်ဆွေဆွေရှိန်၊ ဦးဇော်မင်းသိမ်း(စာတည်းမှူးချုပ်၊ ကြေးမုံ)-ဒေါ်မူမူသန်းတို့၏မိခင်၊ မြေး ၂၇ ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြသန်း (ကနီမြို့)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လက်ပန်လမ်း၊ အိမ်အမှတ် ၂၃(မြေညီထပ်)နေ (ဦးထွန်းတင့်-ဒေါ်မိ)တို့၏သမီး၊ (ဦးကျော်ခေါင်)နိုတြီပဗ္ဗလစ်၏ ဇနီး၊ ဒေါ်ခင်မြေဦး၊ ဒေါ်ခင်နှင်းလွင်-ဦးဝင်းထင်၊ ဒေါ်မေသက်ထား-ဦးမောင်မောင်ကြည်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည်
အလပြ(ငြိမ်း)၊ အထက(၅)အလုံ
အသက်(၆၆)နှစ်

အလုံမြို့နယ်၊ အခန်း၅၊ ဆောက်လုပ်ရေးတိုက်၊ သိပ္ပံဈေးအနီးနေ ဦးကင်-ဒေါ်ရန်တို့၏သမီး၊ ဦးစံမြင့်(ညွှန်မှူး၊ ငြိမ်း၊ ပဆင)-ဒေါ်မြမြဝင်း၊ ဒေါ်ခင်ကြည် (အမက-၆၊ အလုံ၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်မြတ်သီ(ပဆင၊ ငြိမ်း)၊ ဦးမျိုးမြင့် (ပဆင၊ ကျောင်းကုန်း)-ဒေါ်ကြည်ဝင်း၊ ဒေါ်မြင့်မြင့်စီ(အထက-၆၊ အလုံ)တို့၏ အစ်မ၊ တူ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၂-၈-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်အဲမလီ
အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ အောင်ချမ်းသာ ၂ လမ်း၊ အမှတ် ၅နေ (ဦးပု-ဒေါ်ပု)တို့၏သမီးကြီး၊ (ဦးစုလတန်)၏ဇနီး၊ ရှီးလာ(ဦးစောလင်း)၊ (နော်မဒီ)၊ ဦးပတ်ထရစ်တို့၏အစ်မ၊ (ဒေါ်လှဝင်း)-ဦးရဲမြင့်၊ (ဦးတင်ဝင်း)-ဒေါ်သိန်းညွန့်၊ ဒေါ်ခင်ဝင်း-ဦးပါပူးတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၁-၈-၂၀၀၄ရက် ည ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရီရီ
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၁၁၂(ပထမထပ်)နေ (ဦးမောင်နု)၏ဇနီး၊ ဒေါ်မြင့်မြင့်သီ၊ ဦးမောင်မောင်ကြီးတို့၏ညီမ၊ ဦးတင်အောင်၏အစ်မ၊ ဦးထင်အောင်(ယုဇနလက်ဖက်၊ မန်နေဂျာ)၊ ဒေါ်သဲသဲ(ခ) ဒေါ်သိန်းသိန်းထွေး(မိုးကုတ်၊ကြပ်ပြင်)၊ ဦးဇော်ဝင်း(ခ)ကိုညီညီ - ဒေါ်နီနီလွင် (အမက-၁၀၊ဒလ)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၁-၈-၂၀၀၄ရက်(စနေနေ့)ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဇေယျ
အသက်(၅၅)နှစ်

(ပန်းချီ ဦးမြတ်ကျော်-ဒေါ်တင်လှ)တို့၏သား၊ အမှတ် ၅၂၇၊ ဘုရားကြီးလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဝင်းဝင်းတင်(အနုပညာဦးစီးဌာန၊ ပန်တျာ)၏ခင်ပွန်း၊ ကိုအောင်သန်းထိုက်၊ ကိုထင်လင်း-မမိုမိုဝင်း (ကျောက်မျက်)တို့၏ဖခင်၊ မောင်ဘုန်းမြတ်ကောင်း (အထက-၆၊ ဗိုလ်တထောင်)၊ မောင်ဟိန်းဇွဲသွန်းတို့၏အဘိုးသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၂၂-၈-၂၀၀၄ရက် နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာဦးမောရစ်(ခ)
ဦးညာဏ်နိုင် (အင်းစိန်)
အသက်(၇၁)နှစ်

(ဦးကြောင်-ဒေါ်ထွေး)တို့၏ သားကြီး၊ (ဦးဆိုင်းမွန်းကြင်ကြုတ်)-ဒေါ်ဂျူလီအာနာပုမတို့၏ သားသမက်၊ မော်ဘီမြို့၊ သစ်တောကျောင်း ဂျပန်ဆိုဒ်ရှေ့နေ ဆရာမဒေါ်ဆွေရီမြင့်(ခ)ဒေါ်ဇူဇန်၏ခင်ပွန်း၊ မော်ဘီ ပိတောက်တန်းနေ (ဒေါ်ညွန့်ရီ)၏မောင်၊ (ဒေါက်တာလောရင်စ်လှမြင့်)၊ ဒေါ်ခင်ရီတို့၏ အစ်ကို၊ အင်းစိန်လမ်းသစ်နေ ဦးသိပ္ပံညာဏ်ဦး၊ ဒေါ်စိုးစိုး၊ ဦးသုတညာဏ်ထူး၊ ဒေါ်သိမ့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့) နံနက် ၆း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီ ဖြစ်ပါ၍ ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မော်ဘီ နှလုံးတော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Thang Za Khup
R.T.C (အငြိမ်းစား)
အသက်(၆၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ ဒိမ်လို့ကျေးရွာနေ (Pu Gen Cin- Pi On Zen)တို့၏ဒုတိယသား၊ Pa Khual Khan Thang - Nu Luan Khaw Nem တို့၏ညီ၊ Pa Thawng Za Mung- Nu Ciin Ciih Mang၊ (Pa Nuam Za Thang)- Nu Cing Khaw Nian- Nu Ning Ngaih Man- Pa Cin Sian Kam- Nu Ciin Theih Cing - Pa On Lian Khai- Nu Zel Ngaih Cing - အရာခံဗိုလ် Pa Thang Do Pau (အုတ်တွင်းမြို့)၊ Pa Tun Sawm Thang - Nu Ning Don Lun တို့၏အစ်ကို၊ Nu Vung Zen Do ခင်ပွန်း၊ Nu Zen Hau Dim Pa Nang Suan Mung- Nu Cing Zen Man - Pa Kam Za Pau- Nu Man Hau Niang ၊ ဦးဟန်ဝင်းအောင်(R.T.C)၊ Pa Cin Tul Kim (တူးတူးမောင်)၊ မသီတာ-[Pa Thang Sawn Piang (ခ) မောင်စိန်ဝင်း] Nu Ciin - Don Ning - Tg. Thang Go Tuang (ခ) အပျော်၊ Lia Thang Deih Lun (ခ)မီးမီး (ကလေးကောလိပ်)၊ Tg. Tuang Neu San Khual၊ Tg. Hau Lam Mung၊ Lia Ling Nuam Dim တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏ အဘိုးသည် ၂၂-၈-၂၀၀၄ရက် နံနက် ၆း၃၀ နာရီတွင် ကလေးမြို့၊ ပင်လုံ(၇)၊ အမှတ် ၁၀၆ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၈-၂၀၀၄ ရက်တွင် ခရစ်ယာန်သုသာန်၌သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်မြင့် (ခ) Freddy Mg Mg
(စိန့်ပေါလ်ကျောင်းသားဟောင်း)
B.E (Electrical Power)
(လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်)
သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး(သီတဂူကျောင်းဒါယကာ)
(ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (ဦးမောင်မောင်-ဒေါ်ဒေါ်ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသောခင်ပွန်း၊ မခင်စောယုအောင်-ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်-ကိုဝေလွင်၊ မအေးမို့မို့အောင် (တေးသံရှင်-မို့မို့)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးအောင်မြင့်သည် အာရှတော်ဝင်ဆေးခန်း၌ ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးသွင်
(ယုဇနပလာဇာ၊အုပ်ချုပ်ရေးမှူး)

ယုဇနပလာဇာ (အုပ်ချုပ်ရေးမှူး) ဦးအေးသွင် အသက်(၆၄)နှစ်သည် ၂၁-၈-၂၀၀၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမဆုံးဖြစ်ရပါကြောင်း၊ အန်ကယ်ကြီး ကောင်းရာသုဂတိရောက်ပါစေ-

ရွှေဆိုင်တန်းမိသားစု(မှန်ဝိုင်းအတွင်း)
ပထမထပ်၊ယုဇနပလာဇာ။

ဝမ်းနည်းကြေကွဲခြင်း
ဆရာ ဦး Gabriel စောဖိုးစိန်
အသက်(၆၉)နှစ်

ဆရာ ဦးGabriel စောဖိုးစိန်သည် ၁၉-၈-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **(အထက-၁၊ လမ်းမတော်၊ စိန့်ဂျွန်း St.John' 74) ငယ်တပည့်များ။**

ဒေါ်ကြည်ခင်(ခ)ဒေါ်ကြည်
(ဟသ်ာတ)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၉၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးညွန့်-ဒေါ်သိန်းယဉ်)တို့၏သမီး၊ (ဦးလှမင်း)၏ဇနီး၊ ခမောက်စုရွာနေ ဦးမောင်တက်-ဒေါ်စိန်ရီတို့၏ ညီမ၊ဦးခင်မောင်သိန်း(M.T.M Shipping Co.) - ဒေါ်အောင်မေကြည်၊ ကိုရဲလင်းနိုင်-မအေးအေးမြတ်တို့၏မိခင်၊ မောင်မင်းဇော်၊ မောင်သူရဇော်တို့၏ အဘွားသည် ၂၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (သိုင်းချောင်း)
အသက်(၇၇)နှစ်

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ စမ်းကြီးကျေးရွာနေ ဦးဘိုးအင်-ဒေါ်ထွေးစင်တို့၏သမီး၊ မော်ဘီမြို့နေ ဦးမင်းဒင်-ဒေါ်ညွန့်ခင်တို့၏အစ်မ၊ ကျုံပျော်မြို့နေ ဦးဌေးအောင်-ဒေါ်သန်းကြိုင်၊ သိုင်းချောင်းမြို့နေ ဦးတင်နိုင်-ဒေါ်ဌေးကြည်၊ ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးတိုးအောင်-ဒေါ်မေမေလွင်တို့၏မိခင်သည် အမှတ် (၃၁၁/အီး)၊ အောင်သီရိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်နေအိမ်၌ ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးသွင် (မြိတ်မြို့)
ယုဇနပလာဇာ(အုပ်ချုပ်ရေးမှူး)
မြိတ်အသင်းအမှုဆောင်
အသက်(၆၄)နှစ်

မြိတ်မြို့၊သန်းဖိုရပ်နေ(ဦးတင်မောင်)-ဒေါ်ဖူးကျင်တို့၏သားငယ်၊(ဦးထွန်းစိန်-ဒေါ်ကြွယ်)တို့၏သားသမက်၊ ဦးထွန်းရှိန်-ဒေါ်သိန်းရီတို့၏ညီ/မောင်၊ အမှတ် ၅၅၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ကိုသန့်ဇင်-မယုယုသွင်၊ ကိုကိုလွင်-မခင်မျိုးစု၊ မောင်ညီညီလွင်၊ ကိုဝင်းနိုင်ထွန်း-မအိအိသွင်၊မောင်မောင်လွင်တို့၏ဖခင်၊ မယွန်းမြတ်ကိုကို၊ မအိဖြူဖြူဖွေးတို့၏အဘိုးသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့်(ခ)
Doris Samuel
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးဝီလီ-ဒေါ်ကြွေ)တို့၏သမီး၊ (Mr. C.J. Samuel)၏ဇနီး၊ ဒေါ်ခင်မိုးအေး(ခ) Mrs. Irene Takizawa - Mr. Y. Takizawa၊ ဒေါ်မြမြဝင်း(ခ) Yvonne (Marubeni Corporation) တို့၏မိခင်၊ ကိုအောင်မိုးထွန်း(ခ) Austin၊ကိုမိုးကျော်ဝင်း(ခ) Andrew၊ မမိုးစန္ဒာ(ခ) Yuki၊ မအိအိဇင်(ခ)Mio တို့၏အဘွားသည် ၂၁-၈-၂၀၀၄ရက် တွင်ကွယ်လွန်သွားပါကြောင်း။(သင်္ဂြိုဟ်မည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်ဆွေ (ရမည်းသင်း)
ဌာနမှူး(စီမံ)
ရန်ကုန်စက်မှုတက္ကသိုလ်(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မဉ္ဇူလမ်းသွယ် ၂၊ အမှတ် ၆၈/ခ နေ ဒေါ်ဝင်းဟန် (ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာလှဦး(သားဖွား/မီးယပ်အထူးကု၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မော်လမြိုင်)-ဒေါ်စန်းစန်းဝေ၊ (ဒေါက်တာသိန်းဝင်း)တို့၏ ဖခင်၊ ဟန်နီ၊ ဒါလီတို့၏အဘိုးသည် ၂၂-၈-၂၀၀၄ရက် ၀၀း၀၅ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းထွဋ်အောင်
(ဒုတိယမြို့နယ်တရားသူကြီး၊ အင်းစိန်မြို့)
အသက်(၄၆)နှစ်

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ဟသ်ာတလမ်းနေ(ဦးညွန့်ရှိန်)-ဒေါ်ဖြူဖြူမြတ်တို့၏ သားကြီး၊ ဦးသန်းလွင် - ဒေါ်မူမူရှိန်တို့၏မောင်၊ ဦးလှိုင်မြင့်-ဒေါ်နုနုယဉ်၊ ဦးအောင်ကျော်မင်း-အေးအေးနွယ်၊ ဦးကျော်ဇင်ထွေးတို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက် ၅၁အခန်း ၆ နေ ဒေါ်တယ်နီကိုကြီး၏ခင်ပွန်း၊ ဟိန်းမြတ်ရှိန်(ပနစ်၊ စီးပွားရေးတက္ကသိုလ်)၊ မောင်တင်မော်မြတ်ရှိန် (သတ္တမတန်း၊ အထက- ၃၊ မြောက်ဒဂုံ)တို့၏ဖခင်သည် ၂၂-၈-၂၀၀၄ရက် နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်ပွင့်ခိုင် (စစ်တွေမြို့)
အသက်(၈၉)နှစ်

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ ခေါင်းလောင်းကျောင်းလမ်းနေ (ဦးမဲကျော်-ဒေါ်လှညင်းဦး)တို့၏သမီး၊ (ဦးမောင်ကျော်ခိုင်)၏ဇနီး၊ (ဒေါ်စံသူမေ)၊ (ဦးရွှေသာမောင်)၊ (ဦးမဲနက်)၊ (ဒေါ်ဝင်းညို)၊ (ဒေါ်မိုးညို)တို့၏ညီမ၊ ဦးသောင်းစိန်-ဒေါ်ရင်မြိုင်(ဆင်တဲမြို့)၊ ဦးကျော်သာ-ဒေါ်ကျော့စိန်လှ (သုဝဏ္ဏမြို့)၊ ဦးကျော်ဝေ-ဒေါ်စောရင်(စစ်တွေမြို့)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘောင်ရင်သည် ၂၁-၈-၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသိုက်ထွန်း
(ဆင်ပေါင်ဝဲ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၊ ရွှေတောင်ကြား ၁ လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးချော-ဒေါ်လေး)တို့၏သား၊ (ဦးစိန်-ဒေါ်လေးငယ်)တို့၏သားသမက်၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ဦးကြည်သိန်း-ဒေါ်မိမိသိန်း၊ ဒေါ်မူမူသန်း-ဦးမျိုးဝင်း၊ ဒေါ်မြင့်မြင့်လွင်(နီနီ) - ဦးအောင်ချစ်၊ ဒေါ်တင်နွဲ့ရီ(တာတာ) - ဦးသော်တာဘုန်း၊ ဒေါ်နုနုယဉ်(တူးတူး)- Dr.ငွေစိုး၊ ဒေါ်အေးအေးကျော်တို့၏ဖခင်၊မြေး ၁၆ ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်မေ
(ကန်တော်ကလေး)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ကန်/နောက်ရပ်ကွက်၊ အမှတ် ၁၁၊ အခန်း ၃/က နေ မောင်သိန်းအောင်-မငွေငွေရီ (ငွေငွေနှင့်ညီမများ ဆံပင်၊ မိတ်ကပ်အလှပြုပြင်ရေး)၊ မမေစီ၊ ကိုကျော်ယု၊ မဝါဝါနွယ်တို့၏မိခင်၊ မဝတီဒေဝီအောင်၊ မအဥ္စလီအောင်တို့၏အဘွား၊ ဦးကိုလေး (သီချင်းရေးတဲ့ ဒီနေ့ပုဏ္ဏက)၏ ဇနီးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံထွန်းအောင်
ဒု-လက်ထောက်ကြီးကြပ်ရေးမှူး(ငြိမ်း)
မြန်မာ့မီးရထား
အသက်(၅၄)နှစ်

ဦးသီဟန်-(ဒေါ်သန်းညွန့်)တို့၏ သားကြီး၊ (ဦးသန်းကြည်)-ဒေါ်အမာတို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံ ၂၈ လမ်း၊ အမှတ် ၆၁၃နေ ဒေါ်ခင်ခင်ကြီး၏ ခင်ပွန်း၊ ဒေါ်မြမြဆွေ၊ ဒေါ်စန်းမြင့်ကြည်၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းဝင်းအေး-ဦးမောင်မောင်၊ဦးဝင်းအောင်-ဒေါ်ရွှေစင်၊ မခင်မိုးဆွေ၊ မစိုးသီတာ-ကိုနိုင်ဝင်းလှိုင်တို့၏အစ်ကို၊ ဒေါ်ခင်သီတာထွန်း-ဦးကိုကိုလတ်၊ ကိုဇော်မင်းထွန်း၊ (ကိုနိုင်ဝင်းထွန်း)၊ ကိုဝင်းမင်းထွန်း-မယမင်း၊ မအိသဲဖြူထွန်း-ကိုသန့်ဇင်လင်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့) ညတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်ပု (ကင်းရွာ)
အသက်(၉၃)နှစ်

ရန်ကုန်တိုင်း၊တွံတေးမြို့နယ်၊ကင်းရွာနေ (ဦးဇော်ကုလား-ဒေါ်စောရင်)တို့၏ သမီး၊ (ဦးမှို-ဒေါ်အေးဘုံ)တို့၏ သမီးချွေးမ၊ ဦးအေးငွေ-ဒေါ်ဝင်းကြည်၊ ရန်ကုန်မြို့နေ ဦးစိန်လှိုင်(သူရဇော်)-ဒေါ်ခင်သန်းဌေး (ခင်၊ တိုင်းရင်းမေ)၊ ဆရာဦးထွန်းလွင် - ဒေါ်အေးရွှေတို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ကင်းရွာနေ ဦးအေးငွေ-ဒေါ်ဝင်းကြည် နေအိမ်၌ ၂၁-၈-၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကင်းရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးသာဒင်
ညွှန်/မှူး(ငြိမ်း)၊ရုပ်ရှင်လုပ်ငန်း
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊အမှတ် ၈၊ ၃ လမ်းနေ(ဦးဆင်-ဒေါ်သန့်)တို့၏သား၊(ဦးကျိုးညွန့်-ဒေါ်ငွေညာ)တို့၏ သားသမက်၊ ပါမောက္ခ ဒေါက်တာဦးအောင်ကြီး (ဒုတိယပါမောက္ခချုပ်၊ဆေးတက္ကသိုလ်-၂)-ဒေါ်မြင့်မြင့်သန်း၊ (ဦးမောင်မောင်ကြီး)၊ ဒေါက်တာဦးပြုံးချို-ဒေါက်တာဒေါ်စန်းစန်းနွယ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၈-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျော်စိန် (ဟသ်ာတ)
(သဲအင်းယောဂီ)
(Pepsi Shop)
အသက်(၇၀)

ရန်ကုန်မြို့၊ အမှတ် ၁၅၁၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဘစိန်-ဒေါ်ခင်သန်း)တို့၏သားကြီး၊ ဦးမောင်မောင်မြင့် - ဒေါ်ခင်အုန်းတို့၏သားသမက်၊ (ဦးတင်လှိုင်-ဒေါ်ခင်သောင်း)၊ ဒေါ်ရင်မေ၊ ဦးစိန်ထွန်း-ဒေါ်ခင်ငြိမ်း (ဟသ်ာတ)တို့၏တူ၊ (ဦးလှမောင်)-ဒေါ်ခင်ခင်(ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ ဦးမောင်မောင် - ဒေါ်သန်းသန်းတိုး၊ ဦးကျော်ကျော်-ဒေါ်နီနီတိုးတို့၏အစ်ကိုကြီး၊ ဒေါ်ခင်မာမြင့်(မြန်မာ့အာမခံ၊ ငြိမ်း)၏ခင်ပွန်း၊ ကိုသန့်ကျော်သူ(ခ)ချစ်ဖို့-မရွှေစင်သိန်း၊ကိုကျော်မင်းသူ(ခ)ကီးကီး (C.Y.C Shipping Co., Ltd.)-မမီမီဆန်း၊ ကိုဇာနည်ကျော်သူ(ခ)ပေါက်ပေါက်တို့၏ဖခင်သည် ၂၂-၈-၂၀၀၄ရက် နံနက် ၉း၄၅ နာရီတွင် N.Y.G.H၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (၄၆လမ်း နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ဝင်း(ခ)ဦးအောင်မြင့်
CDC - 40366
A/B M.V Gui Tai No.8
C.T.M Trading Co.,Ltd.
Jupaing Shipping Line
အသက်(၄၈)နှစ်

ပေါင်းတည်မြို့နေ ဦးသန်းမောင်-ဒေါ်တင်ထွေးတို့၏သားကြီး၊ ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ မင်းတန်းလမ်းနေ (ဦးမြသန်း)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ဒေါ်ငွေငွေတင် (သ/မဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး)၏ခင်ပွန်း၊ မောင်ညီညီမျိုး (အလုံ/ကျင်း)-မယဉ်မျိုးစုမွန်(MFTB)တို့၏ ဖခင်၊ ဦးသိန်းစိုး(MPE)-ဒေါ်မြင့်မြင့်အေး၊ ဦးညီညီစိုး-ဒေါက်တာငွေငွေမြင့်(ကျွန်းချောင်းဓာတ်မြေဩဇာစက်ရုံ)၊ (ကိုသိန်းဝင်း)-မကျော့ကျော့ဆွေ၊ ဦးချစ်သန်း၊ ကိုတင်အောင်ကျော်(MPE)-မလေးလေးမြင့်တို့၏ညီ/အစ်ကိုသည် ၁၆-၈-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် Kaohsiung မြို့အနီး သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း။(သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်ညာ (မောင်တောမြို့)
အသက်(၉၀)

မောင်တောမြို့နယ်၊ ခြံပြင်ကျေးရွာနေ (ဦးအိုး-ဒေါ်ဖယောင်းမ)တို့၏ သမီး၊ ရွှေပန်းထိမ်ဆရာ (ဦးလုံးထော်)၏ဇနီး၊ (ဦးမောင်ကျော်ဖုံ - ဒေါ်သောင်းမေ)၊ ဦးညိုဖုံ (လ/ထ ညွှန်မှူး၊ ငြိမ်း၊ ဗဟိုစာရင်းရုံး) - (ဒေါ်အေးစိန်)တို့၏မိခင်၊ ဦးစံထွန်း-ဒေါ်နုနုခိုင်၊ ဦးမြသာ(ဓရခ)-ဒေါ်ခင်မေတို့၏အဘောင်ရင်၊ မြစ်ခုနစ်ယောက်တို့၏အဖီးရင်သည် ၂၂-၈-၂၀၀၄ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၀၄ ရက် (အင်္ဂါနေ့)တွင် မောင်တောမြို့ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည် (ဝါးခယ်မ)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ဝေဠုဝန်အိမ်ရာစခန်း၊ တိုက် ၁၁၊ အခန်း ၂ နေ (ဦးသန်းလွင်၊ နိုင်ငံခြားရေးဌာန)၏ဇနီး၊ ဦးညီညီ - ဒေါ်ကြည်ကြည်လွင် (သမရုံးချုပ်)၊ ဦးထွန်းမြင့်အောင်-ဒေါ်ခင်ဝင်းလွင်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်နှင်းလွင်၊ (ကိုမောင်မောင်လွင်)တို့၏မိခင်၊ မစုစုလွင်(မဟာမြိုင်အထူးကုဆေးခန်း)၊မမြတ်နှင်းဆု၊ မဖြူနှင်းထွေး၊ မဝင်းဟန်နီထွန်းတို့၏အဘွားသည် ၂၀-၈-၂၀၀၄ရက် (သောကြာနေ့) ည ၉း၅၀ နာရီတွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြချစ် (ပုသိမ်)
အသက်(၇၃)နှစ်

ပုသိမ်မြို့၊ ရယက(၄)နယ်မြေ၊ အမှတ် ၄၈၊ မင်းကြီးလမ်းနေ (ဦးဘလေး-ဒေါ်ချစ်မေ)တို့၏သမီးကြီး၊ (ဦးတင်ဦး၊ UTU ပွဲရုံ)၏ဇနီး၊ ဦးညွန့်စိန်-ဒေါ်ခင်တင့်(ဦးလေးကြီး ရွှေရင်အေး)၊ ဦးမျိုးသန့်-ဒေါ်အုံးခ၊ ဦးသန်းလှ-နော်ဖော ဖော၊ ဦးမောင်ဒွေး-ဒေါ်အေးသန်းတို့၏ အစ်မကြီး၊ ဦးကျော်ညွန့်-ဒေါ်မြင့်စန်း၊ (မရီရီစံ)၊ မငွေငွေဝင်း၊ ကိုတင်မြိုင်-မအေးအေးသင်း၊မအေးအေးခိုင်၊ (ကိုငွေဝင်း)-မလှလှနိုင်၊ မသီသီအောင်တို့၏ မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့)ည ၈း၄၅ နာရီတွင် ပုသိမ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ သယောင်းချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစိန်သွင်(ခ)ဦးပါလေး
(ကန်တော်လေး)
သီတဂူကပ္ပိယအဖွဲ့
(အောက်မြန်မာပြည်)
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း(ငြိမ်း)
အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်
ဟိုက်စကူးကျောင်းသားဟောင်း
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကန်တော်လေး၊ ၉၃ လမ်း၊ အမှတ် ၁၁၆ နေ (ဦးဘကျွန်း-ဒေါ်နှင်းကြိုင်)တို့၏ သား၊ မန္တလေးမြို့နေ ဦးမြင့်သောင်း-ဒေါ်ခင်အုန်းတို့၏ သားသမက်၊ (ဒေါ်သန်းညွန့်)၊ (ဦးခင်မောင်)-ဒေါ်သန်းကြည်၊ ဦးဝင်းမြင့် (ငြိမ်း၊ သမဦးစီး)တို့၏ညီ၊ (ဦးသောင်းမြင့်)၊ဦးပန်းလှ-ဒေါ်အေးအေးမြင့်(ငြိမ်း၊ ဗဟိုဘဏ်)တို့၏အစ်ကို၊ အမှတ် ၉၀(စီ)၊ စက်မှုလက်မှု ၃ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ဝင်းမာ၏ခင်ပွန်း၊ မဖြိုးမာလာသွင်(ဒုနစ်၊ EC၊ သန်လျင် GTC)၊ မဖြိုးကေသီသွင် (Grade XI)တို့၏ဖခင်၊ (ဦးချိုကြီး)-ဒေါ်ချိုချို (အကောက်ခွန်)၊ ဦးအောင်ကျော်စိုး-ဒေါ်အေးအေးသန့်၊ မကေသရီလှ(ဒုနစ်၊ ဆေး-၁)တို့၏ဘကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၏ ပထမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် သြဂုတ် ၂၂

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းလမ်းရှိ အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြည်ညို ကြပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် ပင့်သံဃာတော်များ၊ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်အဓိပတိ အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ အမှူးပြု သော အလိုတော်ပြည့်ကျောင်းတိုက်မှ ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

အလှူတော်ငွေပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်များ အတွင်းရှိ စာသင်တိုက်များနှင့် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ သန္တနမဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ပွဲ အခမ်းအနားတွင် ရွှေသံလွင်ကုမ္ပဏီက အလှူငွေကျပ် ၁၀ သိန်းကို ဆွမ်းပဒေသာပင်အတွက် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ
ဆွမ်းဆန်တော်နှင့်အလှူတော်ငွေစိုက်ထူပွဲ အတွင်းရေးမှူး(၂)တက်ရောက်လှူဒါန်း

ရန်ကုန် သြဂုတ် ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ် အတွင်းရှိ သန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်း မြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

သဘာဝအလင်းရောင်ရရှိချိန်တွင် လုပ်ငန်းများဆောင်ရွက်
ယခုအခါ ရန်ကုန်မြို့ရှိ ၂၉မြို့နယ်ကို ၂၄ နာရီဓာတ်အားလွှတ်ပေးနိုင်
လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေးဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမှာကြား

ရန်ကုန် သြဂုတ် ၂၂

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွဋ်၊ ***စာမျက်နှာ ၆ ကော်လံ ၃*** ❒

စက်သုံးဆီ ခြိုးခြံချွေတာရေး

- ❋ ကားတစ်စီး တစ်လစက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေတစ်ဒေါ်လာ သက်သာမည်။
- ❋ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။
- ❋ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁-၈-၂၀၀၄

ကော့သောင်းမြို့	၂ ဒသမ ၇၆ လက်မ
ရန်ကုန်(ကိုကိုးကျွန်း)	၂ ဒသမ ၄၀ လက်မ

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။